ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ စနေနေ့၊ (19-11-2005)(၄၇၈၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဩစတြီးယားနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန်　　နိုဝင်ဘာ　　၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အာနို၊ ရီဒယ်(လ်)သည် ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့ သွားရောက်၍ ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မစ္စတာ အာနို၊ ရီဒယ်(လ်)က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန်　　နိုဝင်ဘာ　　၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မီးစ်ပါးလ်၊ နွမ်ဗယူးမ်၊ မာဂါကွာသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်သို့သွားရောက်၍ ၎င်း၏ ခန့်အပ်လွှာကို ပေးအပ်သည်။



ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော မီးစ်ပါးလ်၊ နွမ်ဗယူးမ်၊ မာဂါကွာက ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးကျော်သူနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၉-၁၁-၂၀၀၅
(စနေနေ့)

ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေး ကျန်းမာရေးသတိဖြင့် စနစ်တကျ စားသုံးနေထိုင်

ယနေ့အချိန်အခါသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဂုဏ်သိက္ခာတင့်တယ်မြင့်မားစွာ ရင်ပေါင်တန်း ရပ်တည်နိုင်ရေးအတွက် ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အချိန်ကာလဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းရေးကို ကျန်းမာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်တစ်ရပ်အဖြစ် ဦးတည်ချမှတ်ပြီး လိုအပ်ချက်များကို စနစ်တကျ စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ နိုင်ငံတော်က နယ်စပ်အစွန်အဖျားဒေသများပါမကျန် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့မြှင့်တင်ပေးခြင်း၊အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း အပါအဝင် ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါကုသပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းတို့ဖြင့် ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားကို နိုဝင်ဘာလ ၁၄ရက်နေ့က ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အခမ်းအနားများကို ကမ္ဘာတစ်လွှား၌ ကျင်းပလာခြင်းသည် ဆီးချို၊ သွေးချိုရောဂါနှင့်စပ်လျဉ်း၍ လူအများ ပိုမိုသတိမူလာကြရေးအတွက် ရည်ရွယ်ပြုလုပ်သော လှုပ်ရှားမှုတစ်ရပ်ဖြစ်သည်။ ဆီးချို၊ သွေးချိုရောဂါဖြစ်ရခြင်း၏ အကြောင်းရင်းများ၊ ရောဂါလက္ခဏာများ၊ နောက်ဆက်တွဲ ဆင့်ပွားရောဂါများနှင့် ကုထုံးများအကြောင်းကို ပြည်သူအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိ၍ ကျန်းမာရေးအသိပညာရရှိစေရန် ကျင်းပသော အထိမ်းအမှတ်နေ့လည်းဖြစ်သည်။

ဆီးချို၊ သွေးချိုရောဂါသည် ကမ္ဘာ့ပြည်သူများ၏ ကျန်းမာရေးကို အန္တရာယ်ပြုခြိမ်းခြောက်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ ဆီးချို၊ သွေးချိုရောဂါအဖွဲ့ကြီး၏ ခန့်မှန်းချက်အရ ၂၀၀၃ ခုနှစ်တွင် ကမ္ဘာပေါ်၌ ဆီးချို၊ သွေးချိုရောဂါရှင်ပေါင်း ၁၉၄ သန်းခန့်ရှိနေပြီး ၂၀၂၅ ခုနှစ်တွင် ၃၃၃သန်းခန့်အထိ တိုးပွားလာနိုင်ကြောင်း သိရသည်။

အဆိုပါရောဂါသည် လူတစ်ဦးချင်း စားသုံးသည့်အစားအစာ၊ စားသုံးမှုပမာဏအရ ကိုယ်အလေးချိန်ရှိသင့်သည်ထက် ပိုမိုနေခြင်းနှင့် အဝလွန်ကဲခြင်းတို့ကြောင့် ရောဂါဖြစ်ပွားနှုန်းများလာကြောင်း သိရသည်။ ဆီးချို၊ သွေးချိုရောဂါဖြစ်ပွားမှုနှင့်အတူ နှလုံးရောဂါနှင့် မျက်စိအမြင်ကွယ်ခြင်းကဲ့သို့သော ဆင့်ပွားရောဂါများဖြစ်ပွားနိုင်သည်။ ထို့အပြင် ဆီးချို၊ သွေးချိုရောဂါရှင်များ၌ အာရုံကြောများ ပျက်စီးခြင်းနှင့် ခြေထောက်များသို့သွားသော သွေးကြောများကျဉ်းကာ သွေးလျှောက် မကောင်းတော့ခြင်းတို့ကြောင့် ခြေထောက်တွင် အနာများဖြစ်ပေါ်လာကာ နောက်ဆုံး၌ ခြေထောက်များဖြတ်ပစ်ရသည်အထိ တွေ့ကြုံခံစားကြရသည်။

ဆီးချို၊ သွေးချိုရောဂါကို ကျန်းမာရေးနှင့်ပိုမိုညီညွတ်သော အစာအာဟာရများ မျှတစွာစားသုံးခြင်းနှင့် ကိုယ်ကာယ လှုပ်ရှားမှုများ တိုးတက်ပြုလုပ်ခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ဖြင့် ကာကွယ်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ အထူးသဖြင့် ဆီးချို၊ သွေးချိုရောဂါရှင်များအနေဖြင့် အဆိုပါရောဂါဖြစ်ပွားနေပါက ဆေးမြီးတိုများဖြင့် ကုသပြီး ပေါ့ဆစွာအချိန်ဖြုန်းမနေကြဘဲ တတ်ကျွမ်းနားလည်သော ဆရာဝန်များထံ အချိန်မီပြသစစ်ဆေး၍ ဆေးကုသမှုခံယူကြရမည်ဖြစ်သည်။

ကျန်းမာရေးသည် ပြည်သူတစ်ရပ်လုံးအတွက် အဓိကလိုအပ်ချက်ဖြစ်ရာလူတိုင်းလူတိုင်း ကျန်းမာအသက်ရှည်ခြင်းနှင့် ပြည့်စုံကောင်းမွန်နေရန် လိုအပ်သည်။ ပြည်သူအားလုံး ကျန်းမာခြင်း သုခရရှိစေရန် ဖော်ဆောင်ရာ၌ ကျန်းမာရေးဌာန တစ်ခုတည်းသာမက ပြည်သူတစ်ရပ်လုံးကပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နေထိုင်ဆောင်ရွက်ကြရန်လိုအပ်သည်။

သို့ဖြစ်ရာ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့်နည်းတူ ပြည်သူများအပိုင်းကလည်း ကျန်းမာရေးသတိ၊ ကျန်းမာရေး အသိအမြင်ဖြင့် စနစ်တကျစားသုံး၊ နေထိုင် ဂရုပြုဆင်ခြင်ခြင်းအပြင် တစ်ကိုယ်ရေကျန်းမာရေးနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ဒဂုံမြို့နယ်မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ဝန်ထမ်းများနှင့် မိသားစုဝင်အမျိုးသမီးများ စုစုပေါင်း အင်အား ၆၆၇ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်လေးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမျိုးသမီးရေးရာအဖွဲ့ဝင်ခွင့်လျှောက်ထားသူ ၂၃၅ဦးအတွက် အဖွဲ့ဝင်အသိအမှတ်ပြုလက်မှတ်နှင့် ရင်ထိုးတံဆိပ်များကိုပေးအပ်ရာ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်ခင်ခင်လေးက လက်ခံရယူသည်။

ထို့နောက်အထူးကုဆရာဝန်ကြီးဒေါက်တာဒေါ်ဝင်းဝင်းမြက **“အမျိုးသမီးများအတွက် မျိုးဆက်ပွားကျန်းမာရေးအသိပညာ”** ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဘီလူးဆိုင်းနှင့် သူတော်စင်

* ဟာဖဲလ်တူးတူး၊ ဒီနှစ်ဦးသည်
တူညီစရိုက်၊ အနောက်ကြိုက်ကို
မိုက်မိုက်ကန်းကန်း၊ လျှောက်လှမ်းလှုပ်ရှား
လူကောင်ထွားအောင်၊ ကြံဆောင်ခဲ့ကြ
စွမ်းဆောင်ပြ၍၊ အားရကျေနပ်
အနောက်ရပ်က၊ ပေးအပ်ဆုများ
လူသိများရန်၊ ဦးစွာဖန်ခဲ့။

* ဖန်ပြီးသောခါ၊ ဤကမ္ဘာတွင်
မြော်မြင်ကြီးမား၊ လူသားစာနာ
ရုပ်ဟန်ပါသော၊ သဘောဖြူစင်
သူတော်စင်ရုပ်၊ ဆက်ထုလုပ်ပြီး
အရုပ်တွေမှာ၊ ကြိုးတည်းကာဖြင့်
ဆက်ကာကခိုင်း၊ ဘီလူးဆိုင်းနှင့်
တိုင်းတိုင်းပြည်ပြည်၊ အားပေးမည်ဟု
မျှော်ရည်မှန်းဆ၊ ပွဲထုတ်ကြ။

* ရုပ်သေးဆရာ၊အနောက်ရွာရယ်
ဘယ့်နှယ်ဟာလဲ၊ တကတည်းဗျာ
ခင်ဗျားဟာက၊ အရုပ်ကသူတော်စင်
ဆိုင်းဝင်တော့ဘီလူး၊ ပြူးတူးပြဲတဲ
ထင်တိုင်းကြဲတာ၊ မကောင်းပါဘူး။

* ပိုင်ရာအရုပ်၊ ထင်ရာလုပ်ဖို့
ထုလုပ်ခဲ့တာ၊ ရှင်းနေပါလျက်
ဝင်စွက်ဖက်တာ၊ မဟုတ်ပါဘူး
အထူးရုပ်သေး
အားပေးပရိသတ်၊ ဒီလုပ်ရပ်ကြောင့်
စိတ်ဓာတ်ကျမှာစိုးလို့ပါ။ ။

မျိုးလွှား

သံတမန်ရေးရာ(အခြေခံ/ အဆင့်မြင့်) သင်တန်းသားများ မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ (အခြေခံ/အဆင့်မြင့်) သင်တန်းသားများ၏ မိတ်ဆုံဂေါက်သီးရိုက်ပြိုင်ပွဲကို နိုဝင်ဘာ ၂၅ရက် သောကြာနေ့ နံနက် ၁၁နာရီတွင် မင်္ဂလာဒုံပန်းခြံအနီးရှိ တပ်မတော်ဂေါက်ကွင်း (ဒဂုံအောက်ကွင်း)၌ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ များသည် ကိုဇော်မင်း (BDS-11) 095000686 ၊ ကိုဝင်းသန့် (BDS-5) 095100955၊ ကိုအောင်ဇော်(BDS-5)099974198၊ ကိုလှဦး/ကိုမင်းနိုင် (BDS-9) 099926126၊ ကိုလှမြင့် (BDS-9) 095001123၊ ကိုဝဏ္ဏ (BDS-10) 095016344၊ ကိုအောင်နိုင် (BDS-7)095118800၊ ကိုသန်းဦး (BDS-5) 095007665 နှင့် ကိုဝေဘုန်း (BDS-12) 095002015 တို့ထံသို့ ဆက်သွယ်နိုင်သည်။ (သတင်းစဉ်)

ကျောက်ဆည်အသင်း ကထိန်သင်္ကန်းကပ်လှူ

ရန်ကုန် နိုဝင်ဘာ ၁၈

ကျောက်ဆည်အသင်း(ရန်ကုန်)၏ တတိယအကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဒဂုံအရှေ့ပိုင်းမြို့နယ် (၁၃၃)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း ပရိယတ္တိရုံသီ စာသင်တိုက်(ကျောက်ဆည်)၌ နိုဝင်ဘာ ၁၂ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ကျင်းပရာ အသင်းဥက္ကဋ္ဌနှင့် အလှူရှင်များတက်ရောက်ကြသည်။ (က-ပ)

ရန်ကုန်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) နှစ်(၁၀၀) ပြည့်ပွဲတော်အတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ၁၅ရက်က (YMBA)အသင်းခန်းမ၌ကျင်းပရာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၄ လမ်းမှ အလှူရှင်ဦးအေးကြိုင်-ဒေါ်မြမေမိသားစု က အသင်းဘဏ္ဍာရေးမှူး ဦးစိန်လှအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၂၃)

ရုပ်မြင်သံကြားလိုင်းများ ကေဘယ်လ်စနစ်ဖြင့် ဖြန့်ဝေပြသမှု တည်ဆဲဥပဒေများနှင့် ညီညွတ်မှုမရှိသဖြင့် တရားမဝင်

ရန်ကုန် နိုဝင်ဘာ ၁၈

ကေဘယ်လ်လိုင်းများဖြင့် ရုပ်မြင်သံကြား အစီအစဉ်များအား တရားမဝင် သွယ်တန်းပြသနေမှုများနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၄ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီး၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးနှင့် ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ဂြိုဟ်တု ရုပ်မြင်သံကြားထုတ်လွှင့်ချက်များ အပါအဝင် ရုပ်မြင်သံကြားလိုင်းများကို ကေဘယ်လ်စနစ်ဖြင့် ဖြန့်ဝေ ပြသမှုများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဂြိုဟ်တုရုပ်မြင်သံကြား ထုတ်လွှင့်ချက်များအပါအဝင် ရုပ်မြင်သံကြားလိုင်းများကို ကေဘယ်လ်စနစ်ဖြင့် ဖြန့်ဝေပြသဆောင်ရွက်နေခြင်းကိစ္စများသည် နိုင်ငံတော်၏ တည်ဆဲဥပဒေများဖြစ်သော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအရလည်းကောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာမူဝါဒ စည်းမျဉ်းစည်းကမ်းအရ လည်းကောင်း၊ ဂြိုဟ်တုရုပ်မြင်သံကြားဖမ်းစက်လိုင်စင်စည်းကမ်းချက်များအရလည်းကောင်း၊နိုင်ငံတကာမူပိုင်ခွင့်ဥပဒေများအရ လည်းကောင်း ညီညွတ်မှုမရှိသဖြင့် တရားမဝင်ကြောင်း၊ သုံးစွဲသူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိနိုင်သကဲ့သို့ စီစဉ်ဖြန့်ဝေသူများအနေဖြင့်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်း ဥပဒေများကို ကျူးလွန်ရာရောက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုများ

နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် ကျန်းမာရေးစောင့်ရှောက်မှုများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ အထွေထွေရောဂါကုဆေးရုံကြီးကို တွေ့ရစဉ်။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားမှုများ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး၏ ပညာရည်မြင့်မားရေးနှင့် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာရေးသည် အရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်သကဲ့သို့ ၎င်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည်လည်း အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ကျန်းမာရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် မောင်းနှင်အားဖြစ်သည်။ ထို့ကြောင့် နိုင်ငံကို ဝိုင်းဝန်းတည်ဆောက်ကြမည့် ပြည်သူများအတွက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို လူမှုရေးဦးတည်ချက်တစ်ရပ်အဖြစ် ချမှတ်ပေးထားသည်။

နိုင်ငံတော်အစိုးရသည် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ပြီး ရောဂါဘယကင်းစင်စွာဖြင့် သက်တမ်းစေ့ နေနိုင်စေရန် ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးကို ပီပြင်စွာ အကောင်အထည်ဖော်လျက်ရှိသည်။ ကျန်းမာရေးကဏ္ဍ မြင့်မားတိုးတက်စေရန် မြန်မာနိုင်ငံ အမျိုးသားကျန်းမာရေးကော်မတီကို ဖွဲ့စည်းကာ ပိုမိုမြှင့်တင် ဖော်ဆောင်ပေးနေသည်။။

ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားကျန်းမာရေးကော်မတီသည် နိုင်ငံတော်က ချမှတ်ထားသည့် ကျန်းမာရေးဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းတာဝန်များကို မျက်ခြည်မပြတ် ကြပ်မတ်ဦးဆောင်လျက်ရှိသည်။ လုပ်ငန်းများကို ပီပီပြင်ပြင် ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရန် အမျိုးသား ကျန်းမာရေးစီမံကိန်းကိုလည်း ချမှတ်ထားသည်။

အထွေထွေရောဂါကု ဆေးရုံသစ်ကြီး(ရန်ကုန်)၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ နော်မန်လု ဦးဆောင်၍ ခွဲစိတ်အထူးကုဆရာဝန်ကြီးများက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်အဖြစ် အသည်းရောဂါလူနာအား အစားထိုးကုသမှု ဆောင်ရွက်စဉ်။

အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားသော နီးနွယ်နေသည့် ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းမှု၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များ၊ ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မှုများကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းသည် တပ်မတော်အစိုးရလက်ထက်တွင် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်မားတိုးတက်လာလျက်ရှိသည်။

ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံနှင့်အဝန်း နယ်စပ်ဒေသနှင့် ကျေးလက်ဒေသများပါမကျန် ကျန်းမာရေးစောင့်ရှောက်မှုများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိသည်။ ဆေးရုံဆေးခန်းများကို တိုးချဲ့ဖွင့်လှစ်ပေးသည်။ အဆင့်မြှင့်တင်ပေးသည်။ ခေတ်မီဆေးရုံသုံးပစ္စည်းကိရိယာများ၊ ဆေးဝါးများကို ဝယ်ယူဖြည့်တင်းပေးသည်။ ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများကို တိုးတက်ခန့်ထားပေးသည်။

ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးသည်။ ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများအတွက် ကြိုတင်ကာကွယ်ကုသရေးကို စီမံဆောင်ရွက်ပေးသည်။ အမျိုးသားကျန်းမာရေး ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည်။ ပြည်သူ့ကျန်းမာရေးကို အားဖြည့်ပေးနိုင်ရန် မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ပေးသည်။

တပ်မတော်အစိုးရလက်ထက်တွင် အမျိုးသားကျန်းမာရေး မြင့်မားတိုးတက်မှုနှင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေးတို့ကို အပြည့်အဝဖော်ဆောင်ပေးလျက်ရှိရာ၌ ဆေးရုံများ တိုးချဲ့မြှင့်တင်မှု၊ ကျန်းမာရေးဌာနများ၊ ဝန်ထမ်းများတိုးတက်လာမှု၊ ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များ၊ ကျောင်းများ၊ တိုင်းရင်းဆေးရုံများ၊ ဆေးခန်းများဖြစ်ထွန်းလာမှုနှင့် ရောဂါကြီးသုံးမျိုးမှ ကင်းစင်ပပျောက်မှုများကို ဖော်ပြပါဇယားအား လေ့လာကြည့်ရှုခြင်းဖြင့် ယခင်နှင့်မတူ တိုးတက်မြင့်မားမှုများကို သိသာထင်ရှားစွာ တွေ့မြင်ရမည်ဖြစ်ပေသည်။ ။

မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေပြဇယား

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ဆေးရုံများတိုးချဲ့မြှင့်တင်မှု	၆၃၁	၈၂၄	၁၉၃
၂	ကျန်းမာရေးဌာနများ	၁၈၄၄	၃၈၀၈	၁၉၆၄
၃	ကျန်းမာရေးဝန်ထမ်းများ	၂၅၄၃၀	၄၃၂၂၄	၁၇၇၉၄
၄	ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များ	၃	၁၅	၁၂
၅	သင်တန်းကျောင်းများ	၂၆	၄၃	၁၇
၆	တိုင်းရင်းဆေးရုံ၊ ဆေးခန်း	၉၁	၂၅၁	၁၆၀
၇	ရောဂါကြီး သုံးမျိုးပျောက်ကင်းမှု (ကျောက်ကြီး၊ ပိုလီယို၊ အနာကြီး)	၁	၃	၂

ကုန်သည်/စက်မှု အသင်းချုပ်နှင့် MBCCI ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်အား နိုဝင်ဘာ ၈ ရက်တွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ Myanmar Chamber of Commerce & Industry MBCCI မှ ဥက္ကဋ္ဌ Mr. Sadique Ahsan ဦးဆောင်၍ အဖွဲ့ဝင် သုံးဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထို့နောက် အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင် ဦးဆောင်သည့် ဗဟို အလုပ်အမှုဆောင်များ၊ အသင်းဝင်စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော အဖွဲ့နှင့် MBCCI ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံပြီး နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကြက်သွန်နီတင်ပို့ပေးခဲ့မှုနှင့် နောင်တင်ပို့နိုင်မည့် အခွင့်အလမ်းဆိုင်ရာနှင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသည့် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

ဥက္ကလာဂေါက်ကွင်း၌ တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၁၈

ယနေ့ နံနက် ၆နာရီ ၁၅မိနစ်တွင် ဦးမြင့်အေး(ရွှေအေးသံမဏိအရည်ကျို)သည် ဥက္ကလာဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Dunlop Iron No.(6) တုတ်ဖြင့် Dunlop No.3 ဂေါက်သီးကို ရိုက်လိုက်ရာ ၁၆၈ ကိုက်အကွာရှိ ကျင်းအမှတ်(၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုသို့ ကစားစဉ် ကစားဖော်အဖြစ် ဦးတင်ဝင်း(ဥက္ကဋ္ဌ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း)၊ ဦးတင်ဦး(ဒီဇင်ဘာဟိုတယ်)၊ ဦးတင်မောင်ညွန့်၊ ဦးခင်မောင်ညွန့်(KMN Trading) တို့ အတူရှိနေကြသည်။ (ကြေးမုံ)

အီရတ်နိုင်ငံမှဥရောပတပ်ဖွဲ့ဝင်များရုပ်သိမ်းရေး ဥရောပ ဥပဒေပြုအမတ်များ တိုက်တွန်း

ဘရပ်ဆယ် နိုဝင်ဘာ ၁၇

ဥရောပတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံမှ စောစီးစွာရုပ်သိမ်းရန် ဥရောပပါလီမန် (အမ်အီးပီအက်စ်)အဖွဲ့ဝင်နိုင်ငံများက ဗုဒ္ဓဟူးနေ့တွင် တိုက်တွန်းကြောင်း၊သို့ရာတွင် အပေါင်းပါ တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်ကြောင်းဥရောပသမဂ္ဂ အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားပြီး ယင်းတောင်းဆိုချက်ကို ပယ်ချလိုက်သည်။

အီရတ်နိုင်ငံ၏ တည်ငြိမ်ရေးအတွက် စိတ်ချနိုင်စေရန် အီးယူအဖွဲ့ဝင်နိုင်ငံများမှ တပ်ဖွဲ့ဝင်များအီရတ်တွင် ကာလအတန်ကြာ ဆက်လက်နေရဦးမည်ဟု ဥရောပပြည်ပ ဆက်ဆံရေးမင်းကြီး ဘင်နီတာ ဖာရီရိုဝေါလ်နာက အမ်အီးပီအက်စ်များကိုစထရာဘိုးမြို့တွင်ဗုဒ္ဓဟူးနေ့တွင် ပြောကြားကြောင်း ဘယ်ဂျီယန်မီဒီယာသတင်းဌာနက ဖော်ပြသည်။

ရွေးချယ်စရာမရှိ

အရှေ့အလယ်ပိုင်းဒေသတွင် ဖြန့်ကျက်နေသည့် ဥရောပတပ်ဖွဲ့ဝင်များအတွက် ရှင်းလင်းပြတ်သားသည့် မဟာဗျူဟာအစီအစဉ် ရှိ၊ မရှိ အမ်အီးပီက မေးမြန်းရာတွင် ဘင်နီတာက အီရတ်နိုင်ငံတွင် တည်ငြိမ်သည့် လူအဖွဲ့အစည်းတစ်ခုဖန်တီးရန်အတွက်ပူးပေါင်းဆောင်ရွက်မည့် ကြိုးပမ်းမှုမှတစ်ပါး အခြားရွေးချယ်စရာမရှိဟု တုံ့ပြန်ဖြေကြားခဲ့သည်။

မီးလောင်ရာလေပင့်

အီရတ်တွင် အပေါင်းပါတပ်ဖွဲ့ဝင်များ ရှိနေခြင်းဖြင့် တွန်းလှန်တိုက်ခိုက်မှုအား မီးလောင်ရာ လေပင့်နေခြင်းသာဖြစ်ဖွယ်ရှိသည်ဟု ဥရောပပါလီမန်၏ တတိယအကြီးဆုံးအုပ်စုမှ ဂရေဟမ် တက်ဆန်က ပြောကြားသည်။

ကူညီပံ့ပိုး

နှိပ်စက်ညှဉ်းပန်းမှု၊ ဆင်ခြင်မှုမရှိဘဲ ထင်ရာစိုင်း ဖမ်းဆီးနေမှု အပါအဝင် ဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှု အထောက်အထားများကြောင့် အပေါင်းပါတပ်ဖွဲ့၏ ရပ်တည်ချက်ကို ဆိုးရွားစွာပျက်စီးခဲ့ပြီး ပြောက်များအတွက် လူစုပေးရာတွင် ကူညီပံ့ပိုးသလိုဖြစ်ရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ အရှေ့တောင်ပိုင်း ဇာဒွန်အရပ်တွင် အီရတ်များအား အမေရိကန်တပ်ဖွဲ့များက ရှာဖွေစစ်ဆေးနေသည်ကို နိုဝင်ဘာ ၁၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နီပေါမှ ကလေး ၇၀၀၀၀ကျော် အိန္ဒိယသို့ ပြောင်းရွှေ့ နေရေးထိုင်ရေး အခက်အခဲများကြောင့်ဟုဆို

ခတ္တမန္ဒူ နိုဝင်ဘာ ၁၆

နီပေါ–အိန္ဒိယနယ်စပ်တစ်လျှောက်ရှိ နေရာငါးနေရာတွင်နေထိုင်သူ ကလေးများသည် လွန်ခဲ့သော သုံးလခန့်က အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့လာခဲ့ကြသည်။ ထိုနီပေါနိုင်ငံသား ကလေးများမှာ စုစုပေါင်း ၁၇၅၈၃ ဦးရှိသည်။

နီပေါနိုင်ငံတွင် ဖြစ်ပေါ်နေသော မငြိမ်မသက်မှုများကြောင့် အိန္ဒိယနိုင်ငံသို့ နီပေါနိုင်ငံသားကလေးများ ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း သုတေသနစစ်တမ်းတစ်ခုတွင် နိုဝင်ဘာ၁၅ ရက်က ထုတ်ဖော်ရေးသားထားသည်။ အဆိုပါ စစ်တမ်းကို နိုင်ငံရပ်ခြားကလေးပြုစုရေးနှင့် စောင့်ရှောက်ရေး ဗဟိုဌာနက လေ့လာဆောင်ရွက်ခဲ့သည်။

ထိုစစ်တမ်းကို နီပေါ–အိန္ဒိယနယ်စပ်တစ်လျှောက်ရှိအနောက်ပိုင်း၊ အနောက်အလယ်ပိုင်းနှင့် နီပေါနိုင်ငံ အနောက်ဖျားတို့ရှိ အဓိကနေရာ ငါးခုတွင် သုတေသန ပြုလုပ်ခဲ့သည်။ အဆိုပါ နေရာများမှ အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့လာသူ ဦးရေသည် ၇၀၀၀၀ ကျော်ရှိသည်။

ဘာအီရာဟာဝါ၊နီပေါဂန်ချီ၊ကိုင်လာဘီ၊ တီကာပါနှင့် မာဟန်ဒရာနာဂါဒေသတို့၌ ၂၀၀၄ ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ လေ့လာခဲ့ကြခြင်းဖြစ်သည်။

နီပေါနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ကလေးများပြောင်းရွှေ့နေထိုင်မှုသည် များပြားလာဖွယ်ရှိသည်။ နီပေါနိုင်ငံရှိ အသက် ၁၀ နှစ်အရွယ်ရှိ ကလေးအချို့တွင် နေရေးထိုင်ရေး ပြဿနာများ ရှိသောကြောင့် ထိုသို့ပြောင်းရွှေ့နေထိုင်ရခြင်းဖြစ်ကြောင်းအဆိုပါ လေ့လာမှုတွင် ဖော်ပြထားသည်။

လေ့လာမှုပြုလုပ်ရာတွင် ဖြေကြားသူ ၂၄ ရာခိုင်နှုန်းခန့်သည် နေရေးထိုင်ရေး အခက်အခဲပြဿနာများကြောင့် အိန္ဒိယနိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခြင်း ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ဆိုင်ရာမူဝါဒ ဂျာမနီ ပြောင်းလဲမည်မဟုတ်ဟုဆို

ဘာလင် နိုဝင်ဘာ ၁၇

ဂျာမနီနိုင်ငံ အနာဂတ်ဝန်ကြီးချုပ် အင်ဂျယ်လာမကယ်လက်ထက်တွင် ဂျာမနီနိုင်ငံကအီရတ်နိုင်ငံဆိုင်ရာ မူဝါဒပြောင်းလဲမှု ပြုလုပ်မည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးအဖြစ် ရွေးချယ်ရန် လျာထားခံထားရသူ ဖရင့်ဝေါလ်တာ စတိန်းမီးယားက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အီရတ်ဆိုင်ရာ မူဝါဒနှင့်စပ်လျဉ်း၍ အခြေခံပြောင်းလဲမှုများ ပြုလုပ်မည်မဟုတ်ဟု မိမိထင်မြင်မိသည်ဟု စတိန်းမီးယားက ဂျာမန်ပြည်သူ့ ရုပ်မြင်သံကြား အစီအစဉ်နှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

အီရတ်စစ်ပွဲမဖြစ်မီနှင့် ဖြစ်ပွားပြီးနောက် ဝန်ကြီးချုပ်ရှရိုးဒါးက အီရတ်ရှိ အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်အတွက် တပ်ဖွဲ့ဝင်များ စေလွှတ်မည့် အစီအစဉ်ကိုငြင်းဆန်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ပြည်ပတပ်ဖွဲ့ဝင်များ ရောက်ရှိမှုကြောင့် အီရတ်နိုင်ငံ၌ လုံခြုံမှုမရှိဖြစ်ရဟုဆို

တီဟီရန် နိုဝင်ဘာ ၁၇

အီရတ်နိုင်ငံတွင် လုံခြုံမှုမရှိဖြစ်နေမှုသည် ပြည်ပတပ်ဖွဲ့ ဝင်များရောက်ရှိနေမှုကြောင့် ဖြစ်သည်ဟု အီရန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားကြောင်း အီရန်သတင်းဌာနက ဖော်ပြသည်။

ကျော်လွှားနိုင်

အီရတ်နိုင်ငံတွင် ပြည်ပတပ်ဖွဲ့ဝင်အချို့ရောက်ရှိနေမှုကြောင့် ပေါ်ပေါက်လာသည့် အီရတ်၏ လုံခြုံမှုမရှိသော ပြဿနာကို ကျော်လွှားနိုင်ရန်အတွက် သံတမန်နည်းလမ်းများကိုအသုံးပြုသွားရမည်ဟု အီရန်အမျိုးသား လုံခြုံရေးကောင်စီမှ အတွင်းရေးမှူး အလီလာရီဂျာနီက အီရတ် လုံခြုံရေးကောင်စီ အကြံပေးပြည်သူ့အယ်လ်ရာဘီးနှင့်တွေ့ဆုံဆွေးနွေးပြီးနောက်ပြောကြားသည်။

ပံ့ပိုးကူညီပေး

အစဉ်အမြဲ မိမိအနေဖြင့် အီရတ်နိုင်ငံလုံခြုံရေးတည်ဆောက်မှုတွင် ကြိုးပမ်းမှုများ ပံ့ပိုးကူညီပေးခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အီရတ်နှင့် အီရန်နိုင်ငံတို့၏ လုံခြုံရေးသည်ဆက်နွှယ်မှုရှိခြင်းကြောင့်ဖြစ်ကြောင်း လာရီဂျာနီက ဆက်လက်ပြောကြားသည်။

နှီးဆော်

အီရန်က အီရတ်နိုင်ငံတွင် လုံခြုံရေး ဆက်လက် ထိန်းသိမ်းထားနိုင်ရေးအတွက် ဒေသဆိုင်ရာ နိုင်ငံများအား ပူးပေါင်းဆောင်ရွက်ရန် နှိုးဆော်ထားပြီး အီရန်က အီရတ်၏ ပြည်တွင်းရေး ကိစ္စများတွင် ဝင်ရောက်စွက်ဖက်နေသည့်သတင်းမှာ မဟုတ်မမှန်ဟု လာရီဂျာနီက ငြင်းဆိုပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ပြည်ပနိုင်ငံသား ၈၃၀၀၀ ကျော်ကို အမေရိကန်က ဖမ်းဆီးထိန်းသိမ်းခဲ့

ဝါရှင်တန် နိုဝင်ဘာ ၁၇

အမေရိကန် ပြည်ထောင်စုက အကြမ်းဖက်တိုက်ခိုက်မှုအပေါ် ၂၀၀၁ ခုနှစ် စစ်ဆင်နွှဲချိန်မှစ၍ ပြည်ပနိုင်ငံသား ၈၃၀၀၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်းဖြင့် အမေရိကန်မီဒီယာ သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြသည်။

ကျော်လွန်

၎င်းတို့အနက် ပြည်ပနိုင်ငံသား ၈၂၄၀၀ ခန့်ကို အမေရိကန် စစ်ဘက်တစ်ခုတည်းက အာဖဂန်နစ္စတန်နှင့် အီရတ်နိုင်ငံတို့တွင် အကျဉ်းချထားခဲ့ရာ အမေရိကန် ပြည်ထောင်စုတွင် အကြီးဆုံးဖြစ်သည့် လူ ၈၀၂၄၂ ဆံ့ အားကစားကွင်းထက်ပင် လူဝင်ဆံ့မှု ပမာဏမှာ ကျော်လွန်သွားပြီဖြစ်သည်။

ပို့ထား

နောက်ထပ် အကျဉ်းသား၇၀၀ ကို အမေရိကန် ရေတပ်အကျဉ်းစခန်းဖြစ်သည့် ဂွာတာနာမိုသို့ ပို့ထားပြီး ယခုအခါ ယင်းစခန်းတွင် အကျဉ်းသား ၅၀၀ ရှိနေသည်။

အကျဉ်းသား အများစုအား ပဏာမမေးခွန်းများ စစ်ဆေးမေးမြန်းပြီးနောက် မကြာမီ လွှတ်ပေးခဲ့ရာ အီရတ်နိုင်ငံရှိ အမေရိကန် အကျဉ်းစခန်းတွင် အကျဉ်းသား ၁၄၅၀၀ ခန့်ရှိနေသေးသည်။

ဆောက်လုပ်

ပြည်ပနိုင်ငံသားအများစု ဖမ်းဆီးထိန်းသိမ်းမှုသည် ၂၀၀၁ခုနှစ်ဆောင်းဦးရာသီတွင် စတင်ခဲ့ပြီး ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ)မှ အရာရှိများက အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်ပြီး အကျဉ်းစခန်း ၂၀ ကျော် ဆောက်လုပ်ထူထောင်ခဲ့သည်။

စစ်ဆေး

မတ်လတွင် အကျဉ်းသား ၁၀၀ အမေရိကန် အကျဉ်းစခန်းတွင် သေဆုံးခဲ့ပြီး ၂၆ဦး၏ သေဆုံးမှုများကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဟူဆေဘာမြို့တွင် အပေါင်းပါတပ်ဖွဲ့ဝင်များက အရပ်သားကားများအား ရှာဖွေစစ်ဆေးနေသည်ကို နိုဝင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၇

အီရတ်နိုင်ငံ အနောက်ပိုင်းဒေသ၌ ဗုဒ္ဓဟူးနေ့က တိုက်ခိုက်မှုဖြစ်ပွားရာတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ကြောင်းဖြင့် အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမှတ်(၂) မရိန်းတပ်မအောက်ရှိ တိုက်ခိုက်ရေးတပ်ရင်း(၂)မှ မရိန်းတပ်ဖွဲ့ဝင် ငါးဦးသည် ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်း ကီလိုမီတာ ၃၀၀ အကွာရှိ ယူဘေဒီဒေသတွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့စဉ်အတွင်း သေဆုံးခဲ့ကြခြင်းဖြစ်သည်ဟု ကြေညာချက်အရ သိရှိရသည်၊

အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များက ပြောက်ကျားများကို ရှင်းလင်းနှိပ်ကွပ်ရန် ရည်ရွယ်၍ အီရတ် –ဆီးရီးယားနယ်စပ်တစ်လျှောက်တွင် အမြဲတမ်းလုံခြုံရေးတည်ဆောက်ရန်အတွက် နောက်ဆုံးအသုတ် ထိုးစစ်ဆင်နွှဲခဲ့ခြင်းဖြစ်သည်။

ဖော်ပြပါအတိုင်း မရိန်းတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့မှုကြောင့် အီရတ်စစ်ပွဲ ၂၀၀၃ ခုနှစ် မတ်လက စတင်ဖြစ်ပွားပြီးခဲ့သည့်နောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၀၇၀ ရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကုန်သွယ်ရေးမြှင့်တင်ရန်နှင့် အိုင်တီကဏ္ဍပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယားနှင့် ပီရူးသမ္မတတို့ သဘောတူညီ

ဆိုးလ် နိုဝင်ဘာ ၁၇

နှစ်နိုင်ငံကုန်သွယ်ရေးဆက်ဆံမှု မြှင့်တင်သွားရန်နှင့် သတင်းအချက်အလက်နည်းပညာ (အိုင်တီ) ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့သွားရန် တောင်ကိုရီးယားနှင့် ပီရူးသမ္မတတို့က ဗုဒ္ဓဟူးနေ့တွင် သဘောတူညီလိုက်ကြသည်။

တောင်ကိုရီးယားသမ္မတရုံးဖြစ်သည့် ချောင်ဝါဒေးတွင် ကျင်းပသော ထိပ်သီးဆွေးနွေးပွဲ၌ တောင်ကိုရီးယားသမ္မတ နိုမူဟွန်းနှင့် ပီရူးသမ္မတအလက်ဂျန်ဒရိုတော်လေဒိုတို့ အထက်ပါအတိုင်း သဘောတူညီလိုက်ခြင်းဖြစ်သည်။

တောင်ကိုရီးယားနှင့် ပီရူးနိုင်ငံတို့သည် ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတို့၌ အပြန်အလှန်ဖလှယ်မှုများ ပြုလုပ်သွားရန်လည်း သဘောတူညီကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ကင်မန်ဆူးအား ကိုးကားလျက် ယွန်ဟပ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

သမ္မတ တော်လေဒိုသည် ၁၉၉၄ ခုနှစ်နောက်ပိုင်း တောင်ကိုရီးယားနိုင်ငံသို့ လာရောက်သည့် ပထမဆုံးသော ပီရူးခေါင်းဆောင်ဖြစ်သည်။

ပီရူးသမ္မတ တော်လေဒိုသည် တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းဆိပ်ကမ်းမြို့ကြီးဖြစ်သော ဘူဆန်မြို့တွင် ကျင်းပမည့် အာရှ–ပစိဖိတ်စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ (အေပက်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံရှိ အိုင်တီနည်းပညာကုမ္ပဏီများသည် ပီရူးနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လာကြမည်ဖြစ်ကြောင်း သမ္မတနိုမူဟွန်းက သမ္မတတော်လေဒိုနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့ကြောင်း ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆူဒန်နိုင်ငံ နယ်စပ်အနီးတွင် လုံခြုံရေးအတွက် ဆောင်ရွက်နေသော ယူဂန္ဒာတပ်ဖွဲ့ဝင်များကို နိုဝင်ဘာ ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ရေငုပ်သင်္ဘောနှင့် လေယာဉ်တင်သင်္ဘောထုတ်လုပ်ရေး အိန္ဒိယနိုင်ငံကို ရုရှားနည်းပညာ ထောက်ပံ့ပေးမည်

မော်စကို နိုဝင်ဘာ ၁၇

နျူကလီးယားစွမ်းအားသုံး ရေငုပ်သင်္ဘောနှင့် လေယာဉ်တင်သင်္ဘော ထုတ်လုပ်သည့် နည်းပညာ မျှဝေပေးရန် ရုရှားနိုင်ငံက သဘောတူညီကြောင်း၊ ထိုစဉ်အတွင်း ရုရှားနှင့် အိန္ဒိယနိုင်ငံတို့သည် တိုက်လေယာဉ် အမျိုးအစားသစ်တစ်မျိုးကိုလည်း ပူးတွဲထုတ်လုပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး ပရာနက်ဘ်မူခါဂျီးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ရေငုပ်သင်္ဘောနှင့် လေယာဉ်တင်သင်္ဘောထုတ်လုပ်ရေးနည်းပညာ မျှဝေရေးကိစ္စကို မိမိတို့ ဆွေးနွေးခဲ့ကြကြောင်း၊ ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ခေတ်မီနည်းပညာ ထောက်ပံ့ပေးရန် သဘောတူညီခဲ့ကြောင်း မူခါဂျီးက ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးအီဗန်နော့ဗ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပီတီအိုင်သတင်းဌာနသို့ ပြောကြားသည်။

ထုတ်ထောင်

မိမိတို့နှစ်နိုင်ငံသည် ရေငုပ်သင်္ဘော၊ လေယာဉ်တင်သင်္ဘောနှင့် တိုက်လေယာဉ်တို့နှင့် သက်ဆိုင်သော စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်နိုင်ရန် ဖက်စပ်လုပ်ငန်းများ ထုတ်ထောင်မည်ဖြစ်ကြောင်း မူခါဂျီးက ပြောကြားသည်။

ခေတ်မီနည်းပညာအသုံးပြုသည့် စစ်ရေယာဉ်များ တည်ဆောက်ရေးစီမံကိန်းနှင့် လေကြောင်းကာကွယ်ရေး တိုက်လေယာဉ် ထုတ်လုပ်ရေးစီမံကိန်းများသည် မိမိတို့နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးများ ဆွေးနွေးခဲ့သည့်အကြောင်းရပ်များပင်ဖြစ်ကြောင်း မူခါဂျီးက ပြောကြားသည်။ အိန္ဒိယနိုင်ငံသည် ဆူပါဂျက် လေယာဉ်အမျိုးအစားသစ်ကို ရုရှားနိုင်ငံနှင့် ပူးတွဲထုတ်လုပ်သွားမည်ဖြစ်ကြောင်း မူခါဂျီးက ပြောကြားသည်။

အမ်အင်အေ၊ပီတီအိုင်။

နီပေါ၌ ယာဉ်တိမ်းမှောက်မှုဖြစ် နှစ်ဦးသေဆုံး၊ ၁၂ဦး ဒဏ်ရာရ

ခတ္တမန္ဒူ နိုဝင်ဘာ ၁၇

နီပေါနိုင်ငံ နယ်စပ်တစ်နေရာဖြစ်သော အနောက်ဘက် ပါလ်ပါဒေသနှင့် အာဂျာခန်ချီ ဒေသကြားဆလ်ရာနာဂမ်တီတွင် ဂျစ်ကားတစ်စီး နိုဝင်ဘာ ၁၆ရက် နံနက်ပိုင်းတွင် တိမ်းမှောက်ခဲ့သည်။ အခင်းဖြစ်ပွားမှုကြောင့် အနည်းဆုံး လူနှစ်ဦး သေဆုံးပြီး ၁၂ဦး ဒဏ်ရာရရှိခဲ့သည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ဂျစ်ကားမောင်းနှင်သူနှင့် ဂျစ်ကားပေါ်ရှိ ခရီးသည်တစ်ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

အခင်းဖြစ်ပွားချိန်တွင် ဂျစ်ကားပေါ်၌ ခရီးသည်များ အလွန်အကျွံလိုက်ပါလာသောကြောင့် ယာဉ်တိမ်းမှောက်ခဲ့ရခြင်းဖြစ်သည်။ အဆိုပါ ဂျစ်ကားသည် အာဂျာခန်ချီဒေသပေါ့စ်ဟာသိုစ်အရပ်မှ ပါလ်ပါဒေသ တန်ဆန်အရပ်သို့သွားရာလမ်းတွင် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဒဏ်ရာရရှိသူများကို တန်ဆန်အရပ်မစ်ရှင်ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း ဒဏ်ရာရရှိသူများထဲမှ ခုနစ်ဦးသည် အခြေအနေဆိုးရွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားနိုင်ငံမှ တူရကီနိုင်ငံသို့ ဓာတ်ငွေ့ပို့လွှတ်ပေးရာတွင် လက်ခံရရှိသော ဓာတ်ငွေ့ပမာဏအား တိုင်းတာမည့်စခန်းရှိ အဆောက်အအုံများကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*



အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးတွင် ရော့ကက်ဒုံးကျည်နှစ်စင်း ကျရောက်ပေါက်ကွဲ

ကဘူး နိုဝင်ဘာ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တော်တွင် ရော့ကက်ဒုံးကျည်နှစ်စင်း အင်္ဂါနေ့ညက ကျရောက်ပေါက်ကွဲခဲ့သော်လည်း လူသေဆုံးမှုမရှိကြောင်း ဒေသဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ကဘူးမြို့တော်တွင် ယမန်နေ့ ည ၉ နာရီခန့်က ရော့ကက်ဒုံးကျည်နှစ်စင်း ပေါက်ကွဲခဲ့သော်လည်း ကံကောင်းထောက်မသည့်အတွက် လူသေဆုံးမှုမရှိဟု ပြည်ထဲရေးဌာန သတင်းရပ်ကွက်မှ ပြောရေးဆိုခွင့်ရှိသူ ယူဆက်စတန်နစ်ဇိုင်းက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ပထမရော့ကက်ဒုံးကျည်သည် ခရိုင်အမှတ် (၁)ရှိ စားနပ်ရိက္ခာအရောင်းဆိုင်အတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ဒုတိယရော့ကက်ဒုံးကျည် တစ်စင်းသည် ရှက်ရှ်ဒါရက်ဒေသတွင် ကျရောက်ပေါက်ကွဲခဲ့ရာ အဆောက်အအုံတစ်ခု ထိမှန်ပျက်စီးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ရှက်ရှ်ဒါရက်ဒေသသည် မဟာဗျူဟာအရ အရေးပါသည့် ဒေသဖြစ်သည်။ ယင်းနေရာတွင် အမျိုးသားလုံခြုံရေးညွှန်ကြားရေးဌာနမှ အိမ်များရှိပြီး နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေးအကူအညီပေးတပ်ဖွဲ့၊ အမေရိကန် သံရုံးနှင့် သမ္မတနန်းတော်တို့နှင့် နီးကပ်စွာတည်ရှိနေသည်။

အင်္ဂါနေ့ညက ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုနှင့် စပ်လျဉ်း၍ မည်သူ့လက်ချက်မှန်း မသိရသေးပေ။ သို့ရာတွင် တာလီဘန်ဦးဆောင်သည့် တိုက်ခိုက်ရေးသမားများ၏ ယခုနှစ်အတွင်း တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် ၇၀ အပါအဝင် လူ ၁၅၀၀ သေဆုံးခဲ့ပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

မိုဇမ်ဘစ်နိုင်ငံတွင် ယခုနှစ်ကိုးလအတွင်း အာဟာရဓာတ်ချို့တဲ့မှုကြောင့် သေဆုံးသူ ၃၀၀ ခန့်ရှိ

မာပူတို နိုဝင်ဘာ ၁၇

မိုဇမ်ဘစ်နိုင်ငံ အလယ်ပိုင်းဒေသရှိ ဆိုဖာလာပြည်နယ်တွင် ယခုနှစ် ပထမကိုးလအတွင်း လူ ၁၄၀၈ ဦးကို စစ်ဆေးကြည့်ရှုရာ ကလေးငယ် ၂၈၉ ထက်မနည်း အာဟာရဓာတ်ချို့တဲ့သည့် ရောဂါဖြင့် သေဆုံးခဲ့ကြရသည်ကို တွေ့ရှိရသည်ဟု မိုဇမ်ဘစ် ရေဒီယိုတွင် ဗုဒ္ဓဟူးနေ့က ကြေညာသည်။

ကြေညာ

ယခု သေဆုံးသူဦးရေသည် ယင်းပြည်နယ်တွင် ၂၀၀၄ ခုနှစ်က သေဆုံးခဲ့သူဦးရေနှင့်နှိုင်းယှဉ်လျှင် ၂၉ရာခိုင်နှုန်း မြင့်မားခဲ့ခြင်းဖြစ်သည်။ အဆိုပါ အာဟာရချို့တဲ့သော ရောဂါဖြစ်ပွားသူ ၁၀၉၂ ဦးရှိကြောင်းနှင့် လူ ၁၈၂ ဦး သေဆုံးကြောင်း ကြေညာခဲ့သည်။

ယင်းသို့ဖြစ်ရခြင်း အကြောင်းမှာ မိုဇမ်ဘစ်နိုင်ငံအတွင်း ယခုနှစ် မိုးခေါင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်များက အကြောင်းပြပြောကြားသည်။

မိုဇမ်ဘစ်နိုင်ငံတွင် ကာလအတန်ကြာ မိုးခေါင်ခဲ့မှုကြောင့် စားနပ်ရိက္ခာရှားပါးမှုနှင့် တွေ့ကြုံနေသူ ဦးရေသည် ၈၀၀၀၀၀ အထိ မြင့်တက်လာနေပြီဟု မိုဇမ်ဘစ်အစိုးရက အောက်တိုဘာလစောစောပိုင်းက ကြေညာခဲ့သည်။ ဆိုဖာလာပြည်နယ်တွင် ယင်းရောဂါခံစားရသူ ၈၄၀၀၀ ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ဗုံးခွဲတိုက်ခိုက်မှုကြောင့် ၃၈ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၁၈

အီရတ်နိုင်ငံအရှေ့ပိုင်း ခါနာကင်မြို့တွင် သောကြာနေ့က ဗုံးပေါက်ကွဲမှုများဖြစ်ပွားခဲ့ရာ လူ ၃၈ဦးထက်မနည်း သေဆုံးပြီး ၅၀ကျော် ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ခါနာကင်မြို့တွင်ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုများကြောင့် သေဆုံး၊ ဒဏ်ရာရရှိသူများမှာ ရှီးယိုက်မျိုးနွယ်တို့ဖြစ်ကြသည်။ ယင်းမြို့သည် ဘဂ္ဂဒက်အရှေ့မြောက်ဘက်ရှိ မြို့ငယ်တစ်မြို့ဖြစ်ပြီး ရှီးယိုက်နှင့် ကာ့ဒ်မျိုးနွယ်စုဝင်များ ရောနှောနေထိုင်ရာမြို့ဖြစ်သည်။ လွန်ခဲ့သည့် နှစ်နှစ်ခွဲကာလအတွင်း ဆွန်နီအာရပ်မျိုးနွယ်တို့က ခုခံတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ရာတွင် ခါနာကင်မြို့မှာ အခြားမြို့များနှင့် နှိုင်းယှဉ်ပါက တည်ငြိမ်အေးဆေးစွာရှိနေခဲ့ရသည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး အမေရိကန်ဦးဆောင်သော တပ်ဖွဲ့က တည်ငြိမ်မှုရရှိအောင် လုပ်ဆောင်နိုင်ခြင်းမရှိသေးပေ။ အီရတ်နိုင်ငံတွင် ယခုလအစောပိုင်းကလည်း ဘဂ္ဂဒက်တောင်ဘက် မူဆေယစ်မြို့တွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အီရတ်လူမျိုး ၂၉ဦးထက်မနည်း သေဆုံးခဲ့သည်။

ဆင်ဟွာသတင်းဌာနမှ ပေးပို့သောသတင်းအရ ခါနာကင်မြို့တွင် ဖြစ်ပွားသော ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူ ၅၆ဦးထက်မနည်း သေဆုံးပြီး လူအများအပြားဒဏ်ရာရရှိသည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကိုယ့်မျက်ချေးကိုယ်မမြင်သူများက

မြန်မာတွေ ဆင်းရဲမွဲတေတော်ပြတ်နေပြီဟု မမှန်မကန် စွပ်စွဲနေကြသတဲ့––

မောင်မှတ်ကျောက်

မြန်မာတိုင်းရင်းသားအားလုံးသည် ငြိမ်းချမ်း၊ လုံခြုံစွာ သာသာယာယာနေလိုသည်။ ဗုဒ္ဓဘာသာဝင်တို့၏ နူးညံ့သိမ်မွေ့သော စိတ်ထားအရလည်း ငြိမ်းချမ်းစွာ နေထိုင်ပြီး ကုသိုလ်စိတ် ပွားများလိုသည်။ သို့သော် တိုင်းခြားသား နယ်ချဲ့များက မြန်မာနိုင်ငံကို ရာစုနှစ် တစ်ခုကျော်ကျော် ကျွန်ပြု၊ ဖိနှိပ်၊ ညှဉ်းပန်း၊ ခြယ်လှယ်၊ သွေးစုပ်ခဲ့၍ လည်းကောင်း၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း သံသယစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အာဏာစွဲ၊ ငါစွဲများဖြင့် အချင်းချင်း လက်နက်ကိုင် တိုက်ခိုက်ကာ ရာစုနှစ် တစ်ဝက်ခန့် အိမ်ကြက်ချင်း အိုးမဲသုတ်ခံရပြီး ခွပ်နေကြ၍ လည်းကောင်း ငြိမ်းချမ်း လုံခြုံစွာ မနေခဲ့ရပေ။

သူ့ကျွန်ဘဝတွင် နယ်ချဲ့ချင်း စားကျက်လု၊ စားခွက်လုရင်း ဖြစ်ပွားသော ကမ္ဘာ့စစ်ပွဲကြီးနှစ်ခုဒဏ်၊ ကမ္ဘာ့စီးပွားပျက်ကပ်ဒဏ်၊ မြေပေါ်မြေအောက် ဆူပူမှုဒဏ်၊ မြန်မာ့လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးစေရန် ပြည်ပမှ ဖိုခွဲမှုဒဏ်များကြောင့် အေးချမ်းစွာနေလိုသော မြန်မာတို့ အေးအေးချမ်းချမ်း မနေခဲ့ရ။ အသက်ကို ဖက်နှင့်ထုပ်ပြီး ပြေးလွှားပုန်းအောင်းရ၊ သေကျေပျက်စီးရသဖြင့် ယင်းဆိုးဒဏ်များကို ခါးစည်းခံခဲ့ကြရသည်။ ရေမြေကောင်း၊ သယံဇာတကောင်း၊ ဥတုရာသီကောင်း ရှိပါလျက် မြန်မာတို့ ဘဝဖူလုံစွာ၊ လူနေမှု အဆင့်အတန်းမြင့်စွာ မနေခဲ့ရ။

ကိုလိုနီလက်အောက်တွင် မြန်မာအလုပ်သမားများ အလွန်အမင်း ဖိနှိပ်ခံကြရပြီး ထမင်းမဝခဲ့ကြ။ ထို့ကြောင့် ရေနံမြေအလုပ်သမား အရေးတော်ပုံ ပေါ်ခဲ့ရသည်။ စိုက်ရ၊ ပျိုးရပြီး သီးနှံစုံထုတ်လုပ်ပေးရသော တောင်သူလယ်သမားများ ဗြိတိသျှတို့၏ လူခွန်တော်အပါအဝင် မြေခွန်၊ သီးနှံခွန်ဒဏ်၊ မြေရှင်တို့၏ သီးစားခဒဏ်၊ ချစ်တီးကုလားများ၏ ငွေတိုးကြီးစားမှုဒဏ်၊ မျက်နှာဖြူကုမ္ပဏီ (စတီးဘရားသား၊ ဘူလင်ဂျာပူးလ်)တို့၏ သီးနှံဈေးနှိမ်ပြီး ဝယ်ယူ အမြတ်ထုတ်မှုဒဏ်တို့ကြောင့် ၁၃၀၀ပြည့် လယ်သမား အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့ရသည်။

မြန်မာတို့ ငြိမ်းချမ်းစွာနေနိုင်ပါလျက် မနေရ၊ ဘဝအခြေတင့်စွာ၊ ချမ်းသာစွာနေနိုင်ပါလျက် မနေရ။ ဤသည်မှာ အနောက်အင်အားကြီး အရင်းရှင်အစွယ်ပေါက် နယ်ချဲ့သမား မျက်နှာဖြူများကြောင့်သာဖြစ်သည်။ ထိုစဉ်က မြန်မာအပါအဝင် အာရှ၊ အာဖရိက၊ လက်တင်အမေရိက ဒေသခံပြည်သူများ၏ လွတ်လပ်ခွင့်၊ ဒီမိုကရေစီပိုင်ခွင့်၊ အခြေခံ လူ့အခွင့်အရေးများ သုညအောက်ရောက်အောင် ထိုနယ်ချဲ့များ၏ ကျူးကျော်ကျွန်ပြုမှုဒဏ်ကို အလူးအလဲ ခံခဲ့ကြရသည်။

ယခုခေတ်တွင် ထိုနယ်ချဲ့သမား၊ ကမ္ဘာ့လူသားများကို ကျွန်ပြုသူများကပင် နောက်ထပ်ပုံစံသစ်ဖြင့် သွယ်ဝိုက် ကျွန်ပြုခြယ်လှယ်သွေးစုပ်ရန် ဖုံးကွယ်လှည့်ဖြားထားသော အဖျက်နည်းဗျူဟာများ သုံးလာသည်။ လွတ်လပ်ပြီးသော အချုပ်အခြာအာဏာပိုင် နိုင်ငံများ၊ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဒီမိုကရေစီကျင့်သုံးသော၊ လူ့အခွင့်အရေးပိုင်ခွင့်အရ ကိုယ့်နိုင်ငံကောင်းကျိုး ဖော်ဆောင်နေသော နိုင်ငံများကို ယနေ့ ကိုလိုနီလက်သစ် (နယ်ချဲ့ပုံစံသစ်)ဖြင့် စိုးမိုးခြယ်လှယ် သွေးစုပ်ရန် နယ်ချဲ့လက်ဟောင်းများသည် မျက်နှာဖုံးသစ် စွပ်ကာ စွက်ဖက်၊ ခြေရှုပ်၊ ကျူးကျော်နယ်ချဲ့ရန် လုပ်ကိုင်လာကြသည်။ မျက်နှာဖုံးသစ်တွင် ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ လွတ်လပ်ခွင့်ကယ်တင်ရှင် ဒီဇိုင်းများရေးခြယ်ထား၏။ မျက်နှာဖုံးသစ်အောက်တွင်ကား အစွယ်ပြူးနေသော နယ်ချဲ့ဘီလူး၏ ပင်ကိုရုပ်သဏ္ဌာန် ရှိနေပေသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ်၌ လွတ်လပ်ရေးရရှိခဲ့ပြီးနောက် ကမ္ဘာစစ်ကာလ၌ အရှေ့၊ အနောက်နယ်ချဲ့တို့ ဒဏ်ကြောင့် ပြာပုံဘဝရောက်ခဲ့ရသော နိုင်ငံကို ပြန်လည်ထူထောင်ရန် အားယူနေဆဲမှာပင် ပြည်တွင်းသောင်းကျန်းမှုကြောင့် ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး မလုပ်နိုင်ခဲ့ပြန်ချေ။ မြန်မာ့လွတ်လပ်ရေး ပြန်လည်မဆုံးရှုံးအောင်၊ ပြည်ထောင်စုမပြိုကွဲအောင် တိုင်းရင်းသားစည်းလုံးမှုကို ကျားကန်ပြီး ထိန်းသိမ်းကာကွယ်ခဲ့ရသည်။

၁၉၈၈ခုနှစ်၌ တိုင်းဆူပြည်ဖျက် အရေးအခင်းနှင့် ကြုံရပြန်သည်။ ပြည်တွင်းပြည်ပ လက်ဝဲလက်ယာ၊ မြေပေါ်မြေအောက် ပယောဂစုံဖြင့် နိုင်ငံတစ်ခုလုံး နိုင်ငံရေးတောကြောင်၊ စီးပွားရေးတောကြောင်တို့ ထကြွမင်းမူခြင်းကို ခံခဲ့ရသည်။ စက်ရုံ၊ အလုပ်ရုံများ လုယက်ဖျက်ဆီးခံရသည်။ ဆင်းရဲ၍ တစ်နေ့စာ တစ်နေ့ ရှာစားနေရသူများသည် အဖျက်သမားဟု အစွပ်စွဲခံရရုံမက ခေါင်းဖြတ် သတ်ခံခဲ့ရသည်။ တစ်နိုင်ငံလုံး ဥပဒေစိုးမိုးမှု မရှိဘဲ မင်းမဲ့စရိုက် လွှမ်းမိုးကာ လမ်းပန်းဆက်သွယ်ရေးများ ပြတ်တောက်ကုန်သည်။ မြန်မာတို့ ကျီးလန့်စာ စားနေရရုံမျှမက ပြည်ထောင်စုပြိုကွဲလု၊ လွတ်လပ်ရေး (အချုပ်အခြာအာဏာ) လက်လွတ် ဆုံးရှုံးလုဖြစ်ခဲ့ရသည်။ ဤတိုင်းဆူပြည်ဖျက် လုပ်ရပ်ကို ဒီမိုကရေစီလှုပ်ရှားမှုဟု အနောက်က မျက်နှာဖုံးစွပ်ပေးခဲ့သည်ကို မြန်မာတို့ မမေ့ကြသေး။

၁၈–၉–၈၈ရက်နေ့တွင် အနောက်အင်အားကြီး နိုင်ငံတစ်ခုမှ လေယာဉ်တင် သင်္ဘောအပါအဝင် စစ်သင်္ဘောငါးစင်းအုပ်စုက မြန်မာနိုင်ငံကို ကျားချောင်း ချောင်းကာ မြန်မာ့ရေပိုင်နက်ထဲ ကျူးဝင်လာသဖြင့် မနည်းမောင်းထုတ်ခဲ့ရသည်။ တိုင်းဖျက်ပြည်ဖျက်ဆူပူမှုမီးတောက်ကို မနည်း ငြှိမ်းသတ်ခဲ့ရသည်။ ဤသည်မှာ အရေးကြုံတိုင်း ပြည်သူ့ ရှေ့မှ မားမားမတ်မတ်ရပ်ကာ နိုင်ငံနှင့်ပြည်သူကို ကာကွယ်ပေးသည့် အစဉ်အလာရှိသော တပ်မတော်၏ အမျိုးသားရေး တာဝန် ထမ်းဆောင်ချက် ဖြစ်ပေသည်။

ဖရိုဖရဲ ကသောင်းကနင်း ထောင်းလမောင်းထ ဖြောင်းဆန်အောင် ဒုက္ခဗရပွေဆိုက်နေသည့်နိုင်ငံကို ဥပဒေစိုးမိုးမှုပြန်ရကာ တည်ငြိမ်အောင်၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့အောင်၊ ပြည်သူတို့စားဝတ်နေမှု ပြန်လည်ဖူလုံ တိုးတက်အောင် တပ်မတော်နှင့်ပြည်သူ ပူးပေါင်းထားသည့် အမျိုးသားရေး အင်အားစုကြီးက စွမ်းဆောင်နိုင်ခဲ့သည်။ ခေတ်အဆက်ဆက် အစိုးရစဉ်ဆက် ကြိုးပမ်းသော်လည်း မရရှိခဲ့သည့် ပြည်တွင်းငြိမ်းချမ်းရေး (ဝါ) ပြန်လည်ရင်ကြားစေ့ရေး(ဝါ) တိုင်းရင်းသားစည်းလုံးမှု ပြန်လည်တည်ဆောက်ရေးကို အစိုးရနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်အောင်မြင်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ကြီး ၁၇ဖွဲ့နှင့် အဖွဲ့ခွဲ၊အဖွဲ့ငယ် အများအပြား ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာသဖြင့် ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းခဲ့သည်။ ပြည်သူတို့ အလိုဆန္ဒတစ်ခု ပြည့်ဝသွားစေခဲ့သည်။

၁၉၈၉ခုနှစ်မှ ၁၉၉၂ခုနှစ်အထိကို စီးပွားရေး တည်ငြိမ်မှုအစီအစဉ်ကာလအဖြစ် ချမှတ်ဆောင်ရွက်ခဲ့ရာ တစ်နှစ်ပျမ်းမျှ စီးပွားရေးတိုးတက်မှုနှုန်း ၁ဒသမ၉ရာခိုင်နှုန်း ရရှိခဲ့သည်။ ၁၉၉၂မှ၁၉၉၆ ခုနှစ်အထိ ပထမကာလတိုလေးနှစ်စီမံကိန်း ချမှတ် ဆောင်ရွက်ခဲ့ရာ တစ်နှစ်ပျမ်းမျှ တိုးတက်မှုနှုန်း ၈ဒသမ၅ရာခိုင်နှုန်း ရရှိခဲ့သည်။ ၁၉၉၆ ခုနှစ်မှ၂၀၀၁ ခုနှစ်အထိ ဒုတိယငါးနှစ်ကာလတို စီမံကိန်းကာလတွင် တစ်နှစ် ပျမ်းမျှ ၈ဒသမ၅ရာခိုင်နှုန်း ရရှိခဲ့သည်။

လူတစ်ဦးချင်းစီ၏ တစ်နှစ်ဝင်ငွေမှာ ၁၉၈၈–၁၉၈၉နှင့် နှိုင်းယှဉ်လျှင် ၁၉၉၁–၁၉၉၂ခုနှစ်တွင် ၂ဒသမ၃ ဆ၊ ၁၉၉၅–၁၉၉၆ ခုနှစ်တွင် ခုနစ်ဆ၊ ၂၀၀၁–၂၀၀၂ ခုနှစ်တွင် ၂၆ဒသမ၃ဆ၊ ၂၀၀၄–၂၀၀၅ခုနှစ် မတ်လကုန်မှာ ၈၆ဒသမ၂ဆအထိ တိုးတက်မြင့်မားလာသည်။ ၂၀၀၅ခုဇန်နဝါရီလ စာရင်းများအရ မြန်မာနိုင်ငံတွင် ပြည်ပမှ လာရောက် ရင်းနှီးမြှုပ်နှံသောနိုင်ငံမှာ ၂၇နိုင်ငံ၊ လုပ်ငန်းပေါင်း ၃၉၄ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၇၇၆၀ဒသမ၈သန်း ရှိနေပေသည်။

မြန်မာတို့သည် အစဉ်အဆက် ထမင်းစားကြသဖြင့် ဆန်စပါးကို အထူးစိုက်ပျိုးခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးကာလတွင် မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေ ဧရိယာသည် ဧက၁၂သန်းခန့်၊ လူဦးရေက၁၆သန်းခန့် ရှိသည်။ ၁၉၈၈ ခုနှစ်တွင် လူဦးရေကသန်း၄၀ ဖြစ်လာသည်။ စိုက်ဧကမှာတော့ ၁၂သန်းက မတက်ချေ။ ၁၉၈၈ခုနှစ်နောက်ပိုင်း စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ခုနှစ်နောက်ပိုင်း ယခုအချိန်အထိ ဆည်တမံ ၁၇၉ခု တိုးတက်ဖြစ်ထွန်းကာ ဆည်ရေသောက်ဧက နှစ်သန်းခွဲနီးပါး ရရှိလာသည်။

၁၉၈၈ခုနှစ်က သီးနှံစိုက်စွမ်းအား ၁၁၉ဒသမ၆ ရာခိုင်နှုန်းသာရှိခဲ့ရာ ယခုအခါ ၁၅၂ဒသမ၇ရာခိုင်နှုန်းအထိ တိုးတက်လာသည်။ ၁၉၈၈ခုနှစ်က စပါးတင်းသန်းပေါင်း ၆၅၃သန်းသာ ထွက်ခဲ့ရာမှ ယခုဆိုလျှင် နှစ်ဆနီးပါး တိုးတက်ကာ တင်းသန်းပေါင်း ၁၂၀၀ ခန့် ထွက်လာသည်။ လက်ရှိလူဦးရေ ၅၄သန်း စားသုံးရန် တစ်နှစ်လိုအပ်သော စပါးတင်းသန်းပေါင်း ၈၁၀ ထက် ထက်ဝက်ခန့် ပိုလျှံထွက်ရှိပေသည်။

စီးပွားရေးတိုးတက်ရန် လိုအပ်သောအခြေခံ အဆောက်အအုံများဖြစ်သည့် ဆည်တမံများ၊ လမ်း၊ တံတားများသာမက အပေါ်ထပ်အဆောက်အအုံဖြစ်သည့် ဆေးရုံ၊ ဆေးခန်း၊ စာသင်ခန်း၊ လူနေအိမ်အဆောက်အအုံမျိုးစုံ တိုးတက်ဖြစ်ထွန်းလာပုံများကို ကိုယ်တွေ့မျက်မြင် ခံစားစံစားနေရသည့် မြန်မာတို့အား အထူးပြောစရာမလို။ အဝေးမှ ရမ်းတုတ်နေကြသည့် ယုတ်တန်းသမားများ အနေဖြင့် နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြနေသော ပြည်ထောင်စုဘက်စုံဖွံ့ဖြိုးမှု စာရင်းဇယားများကို ဖတ်ရှုမှတ်သားပြီး မိမိတို့၏ရမ်းတုတ်မှုများ ဆင်ခြင်သင့်သည်။ အဝေးမှနေပြီး အင်တာနက်မှတစ်ဆင့်လည်း စာရင်းဇယားများကို သိနိုင်ကြသည်။

အခြေခံအဆောက်အအုံတွင် အကျုံးဝင်သော လမ်းတံတားများကိုကြည့်လျှင် ၁၉၈၈ခုနှစ်က ပြည်ထောင်စု လမ်းမကြီးပေါင်း ၄၆၁ လမ်းနှင့် လမ်းအရှည်မိုင် ၁၃၆၃၅ မိုင်သာရှိရာ ယနေ့လမ်းမကြီး ၆၂၁လမ်း၊ လမ်းအရှည်မိုင် ၁၈၆၄၀အထိ တိုးတက်လာသည်။ ပေ ၁၈၀ အထက်တံတားကြီး ၂၀၈စင်း တည်ဆောက်နိုင်ခဲ့သည်။ လေဆိပ်၊ သင်္ဘောဆိပ်များလည်း တိုးပွားလာသည်။ ဧရာဝတီမြစ်ကူးတံတားကြီးများ တိုးလာသည်။ အရှည်လျားဆုံးသော မော်လမြိုင်သံလွင်တံတား၊မန္တလေး–စစ်ကိုင်းဒုတိယမြောက်တံတားဖြစ်သည့် ရတနာပုံတံတား စသည်တို့ကို ကြည့်လျှင် မြန်မာတို့တွင် တံတားဆောက်နိုင်စွမ်း အင်ဂျင်နီယာပညာဖူလုံမှု၊ တည်ဆောက်စရိတ်ပြည့်စုံမှုကို သိနိုင်လောက်ပေသည်။

ပညာရေး၊ ကျန်းမာရေး၊ ရေအားလျှပ်စစ်ဓာတ်အားနှင့် အခြားဖွံ့ဖြိုးတိုးတက်မှု အပေါင်းလက္ခဏာများကလည်း ပြည်ထောင်စုတစ်ခုလုံး အကွက်စေ့၊ ထောင်စေ့စွာဖြင့် ဖြစ်ထွန်းလာနေပေသည်။ ဤမည်သော ဖွံ့ဖြိုးတိုးတက်မှုများကို တည်ဆောက်ရယူရာ၌ အမျိုးသားရေးအင်အား၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည် ကြိုးပမ်းခဲ့ကြခြင်းဖြစ်သည်။ ပြည်ပမှ မကူညီဘဲ နှောင့်ယှက်နေမှုများမှာလည်း တစ်နေ့တစ်မျိုး မရိုးအောင် များလှပေသည်။

အဘယ်ကြောင့် နှောင့်ယှက်ကြသနည်း။

သာမန်အားဖြင့် **လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုသည် ကိုယ့်နိုင်ငံသမိုင်းကြောင်း၊ ရေ၊ မြေသဘာဝ၊ လူမျိုးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ နိုင်ငံသားတို့၏ အများစုဆန္ဒအရ ကိုယ့်နိုင်ငံကောင်းကျိုးကို လွတ်လပ်စွာ ဖော်ဆောင်ခွင့်ရှိပေသည်။ ဤသည်မှာ ကုလသမဂ္ဂပဋိညာဉ်နှင့် ကိုက်ညီပြီး၊ လူမျိုး၏ဆန္ဒသဘောထားနှင့် ထပ်တူညီမှုဖြစ်လေသည်။ ပြည်ပမှ အကြောင်းကြောင်းကြောင့် မကူညီချင်နေ၊ မနှောင့်ယှက်အပ်ပေ။ ဤသည်မှာ ကမ္ဘာ့ လူယဉ်ကျေးတို့၏ စံနှုန်းဖြစ်ပေသည်။**

သို့စဉ်လျက် နည်းမျိုးစုံဖြင့် နှောင့်ယှက်လာလျှင် နှောင့်ယှက်လာသူတို့တွင် လောဘ၊ ဒေါသ၊ မောဟ၊ မာနတည်းဟူသော အဝိဇ္ဇာအမှောင်တရားလေးပါး မည်မျှဖုံးလွှမ်းနေပြီဆိုသည်ကို ပြသခြင်းပင် ဖြစ်ပေသည်။ မည်သည့်အခါကမျှ ရိုးသားစင်ကြယ်မှုမရှိဘဲ၊ ကိုယ်ကျိုးအတ္တအတွက် အင်အားစုံသုံး စွက်ဖက်ကျူးကျော်တတ်သူများ၏ ဆိုစကား စွပ်စွဲသံတို့သည် မြူတစ်မှုန်စာမျှ မှန်ကန်မှု၊ မျှတမှုမရှိသောစကား၊ စွပ်စွဲခွင့်မရှိဘဲ ကျူးလွန်သော စွပ်စွဲချက်များပင် ဖြစ်လေသည်။

ကိုလိုနီလက်သစ်ဝါဒီတို့က ၎င်းတို့၏ ဩဇာကို မခံလျှင် ထိုနိုင်ငံတွင် မည်မျှတိုးတက်ပါစေ၊ လူထုအများစုဆန္ဒနှင့်အညီ စည်ပင်သာယာဝပြောနေပါစေ၊ ငြိမ်းချမ်းတည်ငြိမ်နေပါစေ ထိုနိုင်ငံတွင် လူ့အခွင့်အရေးမရှိ၊ ဒီမိုကရေစီဆိတ်သုဉ်း၊ လွတ်လပ်ခွင့်မရ စသည်စသည် အခြေအမြစ်မရှိသော စွပ်စွဲချက်များ ထုတ်လွှင့်လေ့ရှိပေသည်။ ထိုစွပ်စွဲသော စကားလိမ်၊ စကားကောက်တို့ကို ၁၉၈၈ခုနှစ်ကတည်းက မြန်မာတို့ကလက်ခံပြီး ငြိမ်နေလိုက်မည်ဆိုလျှင် ယနေ့ရရှိထားသော ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုမျိုး မရနိုင်ဘဲ သွယ်ဝိုက်ကျွန်ဘဝ၊ တစ်ဆင့်ခံကျွန်ဘဝသို့ ဒီမိုကရေစီအတုအယောင် ဆိုင်းဘုတ်ကိုင်ပြီး ရောက်နေမည်သာ ဖြစ်သည်။

ကိုလိုနီလက်သစ်တို့၏ စွပ်စွဲချက်တစ်ခုမှာ မြန်မာနိုင်ငံ ဆင်းရဲမွဲတေနေပြီ၊ ပြည်သူတွေ ငတ်မွတ်ကုန်ကြပြီဟူသော စွပ်စွဲချက်ဖြစ်သည်။ သူတို့အနေဖြင့် မြန်မာများ ဆင်းရဲငတ်ပြတ်နေစေလိုသည်။ ငြိမ်းချမ်းစွာ မနေစေလို။ လူထုဆန္ဒအစစ်အမှန်ဖြစ်သည့် ဒီမိုကရေစီမျိုး ရှိမနေစေချင်။ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကောင်းကျိုး ကိုယ်တိုင် သယ်ပိုးဆောင်ရွက်ခွင့်တည်းဟူသော အခြေခံလူ့အခွင့်အရေး မခံစားစေချင်။ လူထုဆင်းရဲငတ်ပြတ်၊ အုံကြွပြီး လက်ရှိအစိုးရဖြုတ်ချ၊ အနောက်လိုလားသော ရုပ်သေးအစိုးရတင်ပေး၊ ကိုလိုနီလက်သစ် (ကိုလိုနီလက်ဟောင်းဆိုသည်မှာလည်း ထိုလူများပင်တည်း) တို့က နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်ကာ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး အမြတ်ထုတ်လိုကြခြင်းသည် သူတို့၏ စိတ်ဓာတ်မှန်၊ ရည်ရွယ်ချက်မှန်ဖြစ်ကြောင်း မြန်မာနှင့်တကွ ကမ္ဘာက သိနေကြပြီဖြစ်ပေသည်။

မြန်မာနိုင်ငံသည် အဆင်းရဲအမွဲတေဆုံး နိုင်ငံဟု အနောက်နိုင်ငံ ပါးစပ်မျိုးစုံက ဆိုနေကြသည်။ အမျိုးသားသတ္တာဖောက် ပြည်ပြေးလောက်ကောင်များနှင့် လေသံတူဆိုနေကြပေသည်။ ၂၀၀၁ခုနှစ် ကုလသမဂ္ဂအဖွဲ့ချုပ်က ထုတ်ဝေသည့် လူသားဖွံ့ဖြိုးမှု အစီရင်ခံစာအရ အဖွဲ့ဝင်နိုင်ငံများ၏ အာဟာရစားသုံးမှု မပြည့်ဝသူ ရာခိုင်နှုန်း ဖော်ပြထားရာ၌ ထိုင်း ၂၁ရာခိုင်နှုန်း၊ ဖိလစ်ပိုင် ၂၁ရာခိုင်နှုန်း၊ သီရိလင်္ကာ ၂၅ရာခိုင်နှုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၁၁ရာခိုင်နှုန်း၊ ဗီယက်နမ် ၂၂ ရာခိုင်နှုန်း၊ အိန္ဒိယ ၂၁ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ် ၃၈ ရာခိုင်နှုန်း၊ မြန်မာ ၇ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ၃၃ရာခိုင်နှုန်း၊ ပါကစ္စတန် ၂၀ရာခိုင်နှုန်း၊ နီပေါ ၂၈ရာခိုင်နှုန်း၊ လာအို ၂၉ရာခိုင်နှုန်း ဟူ၍သိရသည်။ လူတစ်ရာတွင် အာဟာရဓာတ် ပြည့်ဝအောင် မစားနိုင်သူ မြန်မာခုနစ်ယောက်သာ ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။ ထမင်းအဝဆုံး နိုင်ငံအဖြစ် စံချိန်တင်နိုင်ပေသည်။ မြန်မာတို့တွင် ဘိုးစဉ်ဘောင်ဆက် သုံးနှုန်းခဲ့သော စကားတစ်ခွန်း ရှိသည်။ ယနေ့လည်း မှန်၊ နောင်လည်း မှန်မည့်စကား ဖြစ်ပေသည်။ ယင်းစကားက **“မြန်မာပြည်မှာ ထမင်းငတ်လို့ သေတဲ့ မသာမရှိ”** ဟူ၍ ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် နိုင်ငံအကျိုးစီးပွား၊ ပြည်သူတို့၏ အကျိုးစီးပွားကို ထူထောင်တည်ဆောက်ရာ၌ ရိုးသားဖြူစင်စွာ ဗုဒ္ဓဘာသာဝင်များပီပီ အကောင်အထည်ဖော်စမြဲဖြစ်သည်။ ဝိသမလောဘဖြင့် သူတစ်ပါးနိုင်ငံမှ သယံဇာတ၊ ထွက်ကုန်များ၊ ဈေးကွက်များ၊ နေဥစ္စာများကို မတော်မတရားအနိုင်ကျင့် လုယက်သော နိုင်ငံမျိုးမဟုတ်။ ကိုယ့်ပြည်တွင်းရေး အင်အားကိုအခြေပြုသည်။ အမျိုးသားစီးပွားရေးပုံစံဖြင့် နိုင်ငံနှင့်လူမျိုးအကျိုး ထူထောင် အကောင်အထည်ဖော်သည်။ မြန်မာ့နိုင်ငံခြားရေးဝါဒကလည်း လွတ်လပ်၍ တက်ကြွသော၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်သော၊ နိုင်ငံတကာနှင့် ချစ်ကြည်

လွတ်လပ်၍ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုသည် ကိုယ့်နိုင်ငံသမိုင်းကြောင်း၊ ရေ၊ မြေသဘာဝ၊ လူမျိုးစရိုက်လက္ခဏာ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ နိုင်ငံသားတို့၏ အများစုဆန္ဒအရ ကိုယ့်နိုင်ငံကောင်းကျိုးကို လွတ်လပ်စွာ ဖော်ဆောင်ခွင့်ရှိပေသည်။ ဤသည်မှာ ကုလသမဂ္ဂပဋိညာဉ်နှင့် ကိုက်ညီပြီး၊ လူမျိုး၏ ဆန္ဒသဘောထားနှင့် ထပ်တူညီမှု ဖြစ်လေသည်။ ပြည်ပမှ အကြောင်းကြောင်းကြောင့် မကူညီချင်နေ၊ မနှောင့်ယှက်အပ်ပေ။ ဤသည်မှာ ကမ္ဘာ့လူယဉ်ကျေးတို့၏ စံနှုန်းဖြစ်ပေသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၅

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)တို့ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤဝန်ကြီးဌာန၏ ၂၁–၆–၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၂၏ အပိုဒ် ၁၊ အပိုဒ်ခွဲ(ဃ)ပါ ဇယား(၄) အမှတ်စဉ်(၆၀)၏နောက်တွင် အောက်ပါ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများကို အမှတ်စဉ်(၆၁)နှင့် (၆၂)တို့အဖြစ် ဖြည့်စွက်လိုက်သည်–

ဇယား (၄)

အမှတ်စဉ်	နိုင်ငံတကာမူပိုင်မဟုတ်သော အမည်များ (International non-proprietary names)	အခြားမူပိုင်မဟုတ်သော အမည်သို့မဟုတ် မထင်ရှားသောအမည်များ (Other nonproprietary or trivial names)	ဓာတုပစ္စည်းအမည် (Chemical name)
၆၁	ဇိုပီဒမ် (Zolpidem)	Zolpidemum	bis [N,N-dimethyl-2-[6methyl -2-(4-methylphenyl)imidazo [1,2-α] pyridin-3-yl] acetamide]
၆၂	ကက်တမင်း (Ketamine)	Ketaminum	(RS)-2-(2-chlorophenyl) -2-(methylamino) cyclohexanone

ပုံ/–

ဒေါက်တာကျော်မြင့်

ဝန်ကြီး

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၀၅

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်

(၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(က)(၂)နှင့် ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤဝန်ကြီးဌာန ၂၉–၇–၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃/၂၀၀၂ ၏ အပိုဒ် ၁၊ အပိုဒ်ခွဲ (ဂ)ပါ မြန်မာနိုင်ငံ၏ လိုအပ်ချက်အရ ထုတ်ပြန်သတ်မှတ်ခဲ့သည့် မူးယစ်ဆေးဝါး ဇယား(၃)ကို အောက်ပါအတိုင်း အစားထိုးလိုက်သည်–

ဇယား (၃)

အမှတ်စဉ်	မူးယစ်ဆေးဝါး (Narcotic Drug)	ဓာတုပစ္စည်းအမည်/အမျိုးအစား (Description/Chemical name)
၁	ဘိန်းစာပင် (Mitragyna Speciosa)	
၂	ထရာမဒေါလ် (Tramadol)	(±)cis-2-[(dimethylamio) methyl]-1-(3-methoxyphenyl)Cyclohexanol hydrochloride

ပုံ/–

ဒေါက်တာကျော်မြင့်

ဝန်ကြီး

ကျန်းမာရေးဝန်ကြီးဌာန

မုတ္တမကမ်းလွန်လုပ်ကွက် တိုင်းတာရေးဆောင်ရွက်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ကမ်းလွန်ရေနံ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTE International Ltd. သည် ဧရာဝတီတိုင်း မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် (M-9) တွင် Geophysical Site Survey တိုင်းတာရေး လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Geo Eastern ဖြင့် နိုဝင်ဘာ ၂၀ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Site Survey တိုင်းတာမည့် ဧရိယာ တည်နေရာများမှာ Point-A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်နှင့် Point-D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၉ မိနစ် ၀၀ စက္ကန့်တို့အတွင်းတွင်ဖြစ်သည်။

ထို့ကြောင့် တိုင်းတာရေးရေယာဉ် MV Geo Eastern ဖြင့် MV Geophysical Site Survey တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာအတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားရာ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မပြုလုပ်ကြရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

မြို့မဟောင်းသက်ကြီးပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

မြို့မကျောင်းသား၊ကျောင်းသူဟောင်း အသင်းမှကြီးမှူး၍ (၂၅)ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၅ရက် (အမျိုးသားနေ့) နံနက် ၉နာရီခွဲတွင်မြတ်မွန်ရတနာခန်းမဆောင် အမှတ်(၆၈)စကားဝါလမ်း ဒဂုံမြို့နယ်၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။ (က–ပ)

အထက ဒါးပိန်မြို့ တတိယအကြိမ် အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

(၁၉၅၈–၂၀၀၄) အထက ဒါးပိန် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ကွယ်လွန်ပြီးဆရာကြီး ဆရာမကြီးများအားရည်စူးလှူဒါန်းပွဲကို ဒီဇင်ဘာ ၃၀ရက် (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသူ၊ ကျောင်းသားဟောင်းများ ကြွရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများကို ရန်ကုန်မြို့တွင် ဦးစိုးကြည် ဖုန်း–၀၁–၅၆၃၁၇၀၊ ဦးခင်မောင်ကြွယ်(ခ)ဦးမြင့်ကြည် ဖုန်း–၀၉–၈၀–၂၅၂၆၅၊ ဦးကျော်ဇော(ခ) ဦးစောဝင်း ဖုန်း–၀၉–၅၁၁၄၀၇၉၊ ဦးလှဋ္ဌေး ဖုန်း–၀၁–၅၇၀၅၁၃နှင့် ဒါးပိန်မြို့တွင် ဦးဝင်းကြည် ဖုန်း–၀၁–၇၀၉၀၂၃၊ ဦးခိုင်ဝင်း ဖုန်း–၀၁–၂၄၄၉၈၀ လိုင်းခွဲ(၈၇)သို့ ဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရသည်။ (က–ပ)

▶ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

ရင်းနှီးစွာ မိတ်မပျက်ဆက်ဆံ ပူးပေါင်းဆောင်ရွက်သော၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာဝပြော ဖွံ့ဖြိုးရေးအတွက် ကုလသမဂ္ဂအဖွဲ့အစည်း၏ အခြေခံမူများနှင့်အညီ ကမ္ဘာ့မိသားစုဝင်နိုင်ငံအဖြစ် နိုင်ငံတကာ တာဝန်ဝတ္တရားများကို ဦးလည်မသုန် ထမ်းဆောင်သော နိုင်ငံဖြစ်သည်။

ဝိသမလောဘသမား၊ အရင်းရှင်နယ်ချဲ့များ၏ လက်အောက်သို့ နှစ်တစ်ရာကျော်၊ ပြည်တွင်းပြည်ပ အစွဲပယောဂ မျိုးစုံဖြင့်ဖြစ်ပွားခဲ့သော ပြည်တွင်းရောင်စုံဆူပူမှုအောက် နှစ်လေးဆယ်ကျော် မကျရောက်ခဲ့လျှင် ယနေ့မြန်မာနိုင်ငံ၏ အရင်းအမြစ်ကြွယ်ဝမှုမျိုးဖြင့် ချမ်းသာကြွယ်ဝလောက်ပေပြီ။ သမ္မာအာဇီဝနည်းလမ်းဖြင့် ချမ်းသာကြွယ်ဝမှုရနိုင်ပေသည်။ ယနေ့ နိုင်ငံ မဆူဆူအောင်၊ မမွဲမွဲအောင်၊ မငတ်ငတ်အောင်၊ မပျက်ပျက်အောင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ စဉ်ဆက်မပြတ်နှောင့်ယှက်နေသည့်ကြားမှ မကြုံစဖူး ထူးထူးကဲကဲ ငြိမ်းချမ်းတည်ငြိမ်လျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်လျက် ရှိသည်။

မြန်မာနိုင်ငံ ဆင်းရဲတွင်းနက်နေပြီ၊ ငတ်ပြတ်ကုန်ကြပြီဟု အနောက်မီဒီယာ၊ အနောက်ပါးစပ်များ၊ အထူးသဖြင့် အမေရိကန်ပါးစပ်ပေါက်များက ဆိုနေကြသည်။ ပြည်ပြေး ပုဆိန်ရိုးများက သံယောင်လိုက်နေကြသည်။ ဤစာရေးသူသည် သူတစ်ပါးနိုင်ငံကို ဝေဖန်ခြင်းမပြုလိုသော်လည်း မိမိနိုင်ငံအပေါ် မတော်မတရား ပုတ်ခတ်နေသူများ၏ ဇာတိရုပ်ကို အားနာပါးနာနှင့် နည်းနည်းပါးပါးလောက်တော့ ပြောကြားတင်ပြလိုက်ပါမည်။

အမေရိကန်ပြည်ထောင်စုတွင် TED Conference မှ ရိုက်နှိပ်ထုတ်ဝေသော UNDERSTANDING စာအုပ်တွင် အမေရိကန်ပြည်ထောင်စုက တင်ရှိနေသော ကြွေးမြီစုစုပေါင်းမှာ ဒေါ်လာသန်းပေါင်း ငါးသန်းခုနစ်သိန်း ရှိပါသည်။ ဤသည်မှာ ၂၀၀၀ ပြည့်နှစ် စာရင်းဖြစ်၍ ယခုနောက်ပိုင်း စစ်စရိတ်များ တက်လာသဖြင့် ဒေါ်လာသန်းပေါင်း ခြောက်သန်းကျော်ပြီ ဖြစ်ပါသည်။ကာကွယ်ရေး (စစ်ဘက်) အသုံးစရိတ်မှာ ဒေါ်လာသန်းပေါင်း ၂၇၄၁၀၀ ဖြစ်ပါသည်။ အမေရိကန် လူဦးရေ သန်းပေါင်း ၂၇၀ ခန့် ရှိသည်။ အသက် ၁၈ နှစ်အောက် အမေရိကန်လူငယ်ငါးပုံတစ်ပုံသည် ဆင်းရဲမွဲတေကြသည်။ (လူငယ် သန်း ၇၀အနက် ၁၅သန်းခန့် မွဲတေကြသည်။) ပျမ်းမျှအားဖြင့် အမေရိကန်ကလေးငယ် နှစ်ယောက်တွင် တစ်ယောက်၊ လူကြီး ၁ ဒသမ ၇ ယောက်တွင် တစ်ယောက်တို့သည် ဆင်းရဲမွဲတေသော အိမ်ထောင်စုများတွင် ပါဝင်လျက်ရှိသည်။ အခြားအသက်အရွယ်များပါ ပေါင်းစပ်လျှင် ဆင်းရဲမွဲတေသော လူဦးရေရရှိပါမည်။

ယူနက်စကိုစာရင်းဇယားများအရ အမေရိကန်တွင် အိုးမဲ့အိမ်မဲ့ ခြေသလုံးအိမ်တိုင် ၇ သန်းမှ ၁၀ သန်းအတွင်း ရှိနေသည်။ လမ်းဘေး သစ်ပင်အောက်၊ တံတားအောက်၊ တိုက်ကြိုတိုက်ကြား၊ အမှိုက်ပုံများတွင် နေထိုင်ကြရသူများဖြစ်သည်။ နယူးယောက်တိုင်းမ် သတင်းစာတိုက်မှ နှစ်စဉ်ရိုက်နှိပ်ထုတ်ဝေသော The World Almanac ခေါ် သတင်းနှင့် အချက်အလက် နှစ်ချုပ် ၂၀၀၅ ခုနှစ် စာအုပ်တွင် ဖော်ပြချက်အရ အမေရိကန်ပြည်ထောင်စုတွင် ဆင်းရဲမွဲတေမှု သာမန်အဆင့်အောက်ရှိသူပေါင်း ၃၅သန်း ၉သိန်းကျော်ရှိသည်။ လူဖြူဆင်းရဲသား ၂၄သန်းကျော်၊ လူမည်း (နီဂရိုး)ဆင်းရဲသား ၉သန်းကျော်ပါဝင်သည်။ဆင်းရဲ မွဲတေမှုအများဆုံးမှာ သမ္မတရုံးစိုက်ရာ ဝါရှင်တန်ဒီစီ (ဝါရှင်တန်ကိုလံဘီယာခရိုင်)ဖြစ်သည်။ ယင်းဒေသရှိ လူဦးရေအရေအတွက်အားလုံး၏ ၁၇ရာခိုင်နှုန်းခန့် မွဲတေကြသည်။ လူဝီစီးယားနားပြည်နယ်၊ အနောက်ဗာဂျီးနီးယားပြည်နယ်တို့တွင်လည်း မွဲတေသူ ၁၇ ရာခိုင်နှုန်းခန့်စီ ရှိသည်။

Chalmers Johnson ရေးသားပြီး အမေရိကန်တွင် ထုတ်ဝေဖြန့်ချိခဲ့သော The Sorrow of Empire စာအုပ်ကို သန်းအေးက "ကြေကွဲရတော့မည့် အမေရိကန်အင်ပါယာ" ဟူသောအမည်ဖြင့် ဘာသာပြန်ကာ ထုတ်ဝေခဲ့ရာ၌ စာမျက်နှာ ၁၅၅၊ ၁၅၆၊ ၁၅၇တို့တွင် ဤသို့ ဖော်ပြပါရှိပါသည်။

"စစ်တပ်၊သို့မဟုတ် တပ်မတော်ဟူသည် မျိုးချစ်စိတ်၊ မိမိနိုင်ငံကို ကာကွယ်လိုစိတ်၊ မိမိ၏အမျိုးသားရေး စိတ်ဓာတ်ကို တန်ဖိုးထားမှုတို့ကို အခြေခံ၍ တည်ထောင်ဖွဲ့စည်းရသော အဖွဲ့အစည်းမျိုးဖြစ်သည်။

"သို့ရာတွင် ယနေ့ အမေရိကန်အများစုတို့ စစ်မှုထမ်းနေကြခြင်းမှာ အထက်ပါအကြောင်းများကြောင့် မဟုတ်ချေ။ တပ်တွင်း၌ မိမိဘဝတိုးတက်ရာ တိုးတက်ကြောင်း ရှာရန်ဖြစ်စေ၊ အရပ်ဘက်တွင် လူမှုရေးအရ အနိမ့်ခံဘဝမှ လွတ်မြောက်ရန်ဖြစ်စေ၊ စစ်ဘက်နည်းပညာများကို ဝါသနာပါ၍ဖြစ်စေ စသောအကြောင်းများသည် အဓိကဖြစ်နေကြောင်း တွေ့ရှိရသည်။

"အာဖရိက သွေးနှောသော အမေရိကန်အများစုတို့ စစ်ထဲဝင်ကြခြင်းမှာ ဆင်းရဲသားရပ်ကွက်တွင် နေထိုင်ရသော ဘဝမှ လွတ်မြောက်ရန် စသောအကြောင်းများ သည်သာ အဓိကဖြစ်၏။

"မျိုးချစ်စိတ်ဓာတ်၊ သို့မဟုတ် မိမိလူထုအကျိုးသယ်ပိုးမည်ဟူသော စိတ်ဓာတ်ဖြင့် စစ်ထဲဝင်သူ တစ်ဦးမျှမရှိဟု ဆိုသည်။ မြောက်မြားစွာသော စစ်သားလူငယ်တို့က ဂျာနယ်သမားများနှင့် တွေ့ဆုံခန်းများ၌ အရပ်ဘက်တွင် အလုပ်အကိုင်ရှားပါးမှု၊ စီးပွားရေးကဏ္ဍတွင် အောက်ခြေအလုပ်များကို ကုမ္ပဏီများက လုပ်ခပေါသော ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းကုန်သဖြင့် အမေရိကန်ပြည်တွင်း အခြေခံလုပ်သားများအတွက် အလုပ်အကိုင်ရှားပါးမှု၊ မိမိဘာသာ အခြေခံလုပ်ငန်းများ လုပ်ပြန်လျှင်လည်း တရားဥပဒေနှင့် ထိပ်တိုက်တွေ့မည်ကို ကြောက်ရမှုတို့သည် လူငယ်များ စစ်တပ်ထဲသို့ တိမ်းရှောင်ဝင်ရောက်လာရခြင်း၏ အကြောင်းရင်းများဖြစ်သည်ဆို၏"

တစ်ယောက်ကဆိုလျှင် 'စစ်တပ်ထဲမဝင်ရင် သွားစရာက ထောင်ပဲရှိတော့တယ်' ဟုပြောခဲ့သည်။ နောက်တစ်ယောက်ကတော့ 'စစ်တပ်ထဲသာမဝင်ရင် ကျွန်တော်လည်း ကျွန်တော့်သူငယ်ချင်းတွေလိုပဲ မုန့်ဆိုင်စားပွဲထိုးဖြစ်မှာပဲ'ဟု ပြောကြားခဲ့သည်"

အလုပ်လက်မဲ့ထူပြောမှု၊ နိုင်ငံ၏တစ်နှစ်တွက် ရသုံးမှန်းခြေငွေစာရင်း(ဘတ်ဂျက်)လိုငွေပြမှု၊ ကြွေးမြီထူပြောမှု၊ ဒေါ်လာတန်ဖိုးကျဆင်းမှု၊ ကျူးကျော်စစ်စရိတ် များပြားမှုတို့ကြောင့် အမေရိကန်ပြည်သူများကပင် မကျေမနပ်ဖြင့် မကြာခဏ ဆန္ဒပြကန့်ကွက်နေကြရသည်။ အမေရိကန်သည် ကမ္ဘာတွင် အချမ်းသာဆုံး နိုင်ငံဖြစ်သည်။ သို့သော် စစ်ပစ္စည်း ထုတ်လုပ်သော ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းကြီးများ စီးပွားဖြစ်ကြ၊ ချမ်းသာကြခြင်းသာ ဖြစ်ပါသည်။ ဆင်းရဲချမ်းသာကွာဟမှုကြီးမားလျက် ရှိပါသည်။ စီးပွားရေးအဆင်မပြေ၊ အသက်မွေးဝမ်းကျောင်းမခိုင်လုံ၍ ရာဇဝတ်မှု ကျူးလွန်သူ များပြားနေပေသည်။ ကိုယ်ခန္ဓာရင်းနှီး လုပ်ကိုင်စားသောက်ရသော အမျိုးသမီးများမှာ ပြည့်တန်ဆာအိမ်များသို့ ရောက်နေကြရသည်။

အမေရိကန်ပြည်ထောင်စုတွင် ၂၀၀၃ခုနှစ် တစ်နှစ်အတွင်း မှုခင်း(ရာဇဝတ်ပြစ်မှု)မျိုးစုံ ၂၄သန်းကျော်ဖြစ်ပွားခဲ့ပုံကို The World Almanac 2005 တွင် ဖော်ပြထားပါသည်။ ယင်းမှုခင်းများတွင်လူကို ကျူးလွန်သောပြစ်မှု ၅၅၈၆၄၂၀၊ လူသတ်မှု၊ ဓားပြမှု၊ မုဒိမ်းမှုကဲ့သို့ ပြစ်မှုကြီး ၅၄၀၁၇၂၀၊ မုဒိမ်းမှု ၇၂၂၄၀၊ မုဒိမ်းကျင့်ရန် ကြံစည်အားထုတ်မှု ၄၄၆၅၀၊ ဓားပြမှု ၃၇၇၈၇၀၊ လိင်နှင့်ပတ်သက်သည့် စော်ကားမှု ၈၁၉၅၀၊ ဓားပြမှု ၃၇၇၈၇၀၊ ကိုယ်ခန္ဓာ ထိခိုက်နာကျင်စေမှုမျိုးစုံ ၃၉၉၇၉၈၀၊ ခါးပိုက်နှိုက်မှု ၁၈၄၇၀၀၊ ပစ္စည်းနှင့်ပတ်သက်သော ပြစ်မှုများ စုစုပေါင်း၁၇၅၃၉၂၂၀တို့ဖြစ်သည်။ (ယင်းပစ္စည်းနှင့် ပတ်သက်သော မှုခင်းများတွင် အိမ်ထဲဝင်ခိုးမှု ၂၈၁၀၅၀၀၊ ကားခိုးမှု ၇၆၃၅၀၀၊ ခိုးမှုပေါင်း ၁၃၀၃၉၂၀ တို့ ပါဝင်သည်) အားနာ၍ လျှော့ပေါ့တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ထိုသို့ မှုခင်းထူပြောခြင်း မရှိပါ။ မြန်မာနိုင်ငံသို့ လာရောက်ကြသော နိုင်ငံခြားသားတိုင်းက ယဉ်ကျေးမှုအမွေ ပြည့်လျှမ်းသောနိုင်ငံ၊ ပြည်သူတို့ အေးချမ်းလုံခြုံ၍ မှုခင်းနည်းပါးသောနိုင်ငံ၊ ပြည်သူတို့ကို အပြုံးကိုယ်စီဖြင့် တွေ့မြင်ရသောနိုင်ငံ၊ ဖွံ့ဖြိုးဝေစည်လာသောနိုင်ငံအဖြစ် မြန်မာနိုင်ငံကို ချီးကျူးလေ့ရှိပါသည်။ မကြာမီက မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် အိန္ဒိယမီဒီယာသမားများက မြန်မာနိုင်ငံလောက် လုံခြုံစိတ်ချ အေးချမ်းသာယာသောနိုင်ငံ၊ ပြည်သူတို့ပြုံးနိုင်သောနိုင်ငံမျိုး မတွေ့ရဖူးသေးပါဟု ချီးကျူးပြောဆိုသွားကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်၍ လူနေမှုအဆင့်အတန်း မြင့်တက်လာနေသော ပကတိအခြေအနေမှန်များကို လည်းကောင်း၊ ရှေ့ဆက်၍ ပိုမိုဖွံ့ဖြိုးတိုးတက်၊ အေးချမ်းသာယာ၊ လူနေမှုအဆင့်အတန်း မြင့်သည်ထက် မြင့်အောင် ကြိုးပမ်းနေပုံများ၏ အခြေအနေမှန်ကို လည်းကောင်း စက္ခုဝိညာဉ်ဓာတ် ပြည့်ပြည့်ဝဝဖြင့် မြင်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပေသည်။ ။

လက်ခံ တွေ့ဆုံ

နိုဝင်ဘာ၁၈ရက်ကပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ဩစတြီးယား နိုင်ငံ သံအမတ်ကြီး မစ္စတာ အာနို၊ ရီဒယ်(လ်)အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်း–ရှေ့ဖုံး)

(သတင်းစဉ်)

❀ ကျောဖုံးမှ

တိုးတက်လျက်ရှိနေကြောင်း၊ ဤနေရာ၌ ပုဂ္ဂလိကစက်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းမှာ သိသိသာသာ ကောင်းမွန်နေကြောင်း၊ ၂၀၀၂–၂၀၀၃ခုနှစ်၌ ၂၃ရာခိုင်နှုန်းကျော်၊ ၂၀၀၃–၂၀၀၄၌ ၃၀ရာခိုင်နှုန်းကျော်၊ ၂၀၀၄–၂၀၀၅ခုနှစ်၌ ၂၅ရာခိုင်နှုန်းကျော် တိုးတက်ခဲ့ကြောင်း၊ တိုးတက်မှုနှုန်းကောင်းသကဲ့သို့ စက်မှုကဏ္ဍ၌ ပုဂ္ဂလိကအပိုင်း၏ ပါဝင်မှုအချိုးကို ကြည့်မည်ဆိုလျှင် ၂၀၀၂–၂၀၀၃ခုနှစ်၌ ၉၀ရာခိုင်နှုန်း၊ ၂၀၀၃–၂၀၀၄ခုနှစ်၌ ၉၂ရာခိုင်နှုန်း၊ ၂၀၀၄–၂၀၀၅ခုနှစ်၌ ၉၃ရာခိုင်နှုန်းကျော် တိုးတက်ပါဝင်လျက်ရှိသည့်အတွက် ပုဂ္ဂလိကစက်မှုကဏ္ဍမှာ ကျယ်ပြန့်မြင့်မားလာနေကြောင်း ပေါ်လွင်လျက်ရှိကြောင်း။

အချိုးအစားမြင့်တင်

သို့ရာတွင် တိုင်းပြည်၏ ဂျီဒီပီ၌မူ စက်မှုကဏ္ဍနှင့် ပါဝင်မှုအချိုးအစားမှာ ၁၁ရာခိုင်နှုန်းခန့်သာ ရှိသည့်အတွက် တန်ဖိုးပမာဏအရ သေးငယ်နေဆဲဖြစ်ကြောင်း၊ စက်မှုကဏ္ဍ၏ အချိုးအစားကို မြင့်တင်နိုင်ရမှာဖြစ်ကြောင်း။

စက်မှုကဏ္ဍတက်လာရန် နိုင်ငံပိုင်စက်ရုံအသစ်များ ထူထောင်နေသကဲ့သို့ နိုင်ငံပိုင်စက်ရုံအဟောင်း၊ အသစ်အားလုံး စက်စွမ်းအားပြည့် လည်ပတ်နိုင်အောင် ဆက်လက်ကြိုးစားရမှာဖြစ်ကြောင်း၊ ထို့အတူ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ အရေအတွက်အရရော၊ အရည်အချင်းအရပါ တိုးတက်လာအောင်၊ အဆင့်မြင့်နည်းပညာများသုံးစွဲမှု ကျယ်ပြန့်လာအောင် အားပေးပျိုးထောင်ရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းပူးပေါင်းပြီး စက်မှုနိုင်ငံဖြစ်အောင် ထူထောင်သွားကြရမှာဖြစ်ကြောင်း။

နိုင်ငံတော်၏ ပံ့ပိုးမှုနှင့် မိမိတို့အားလုံး၏ ကြိုးစားမှုတို့ကြောင့် ခေတ်မီသံနှင့် သံထည်ပစ္စည်း ကိုင်တွယ်မှုလုပ်ငန်းကို မန္တလေး၊ မုံရွာနှင့် အေးသာယာ စက်မှုဇုန်များ၌ ထူထောင်ပြီး စက်ပစ္စည်းအစိတ်အပိုင်းများကို ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း၊ ယခင်က ပြည်တွင်းစက်မှုလုပ်ငန်းများအတွက် ပြည်ပမှ မှာယူတင်သွင်းနေရသော စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ပင် ယခုအခါ တိုးချဲ့ထုတ်လုပ်နိုင်ပြီဖြစ်၍ ကုန်ကျစရိတ် သက်သာသည့်အပြင် နိုင်ငံခြားဝင်ငွေလည်း သက်သာလျက်ရှိကြောင်း။

စံချိန်မီဈေးကွက်ဝင်

သံရည်ကျိုလုပ်ငန်းနှင့်အတူ တွဲဖက်လိုအပ်သော မိုနှင့် ဒိုင်စက်မှုလုပ်ငန်း၊ စက်ခုတ်စား အနုစိတ်စက်မှုလုပ်ငန်းတို့ကိုလည်း တစ်ပါးတည်း ထူထောင်ပြီးဖြစ်သည့်အတွက် စက်မှုဇုန်များ၏ စက်မှုထုတ်ကုန်အရည်အသွေးများ စံချိန်မီပြီး ဈေးကွက်အဆင့်ဝင်သွားမှာဖြစ်ကြောင်း၊ လက်ရာလက်သားကောင်းလာသည်နှင့်အမျှ ပြည်ပဈေးကွက်အထိ တက်လှမ်းနိုင်မည့်အလားအလာ အပြည့်ရှိနေပြီဖြစ်ကြောင်း။

လယ်ယာကဏ္ဍကို အထောက်အကူပြုသည့် စက်မှုလုပ်ငန်းများအပြင် လယ်ယာထွက်ကုန်ပစ္စည်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သော စက်မှုလုပ်ငန်းများ၊ ပလတ်စတစ်စက်မှုလုပ်ငန်း၊ စက်ပစ္စည်းအစိတ်အပိုင်းထုတ်လုပ်သည့် စက်မှုလုပ်ငန်းများမှာ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

အခြေခံကောင်းများအပေါ် အခြေခံ၍ စက်မှုကဏ္ဍ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးလာအောင် လုပ်ကိုင်ရာ၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းများသည် အခရာဖြစ်နေရာ ဒေသအလိုက်၊ အမျိုးအစားအလိုက် ပုဂ္ဂလိက စက်မှုလုပ်ငန်းများ တိုးတက်သည်ထက် တိုးတက်အောင် အလိုက်သင့် တွန်းအားပေး ပံ့ပိုးကူညီသွားရန် အရေးကြီးကြောင်း။

သို့မှသာ စက်မှုကဏ္ဍ၏ ထုတ်လုပ်မှုတန်ဖိုးပမာဏသည် တစ်နှစ်ထက်တစ်နှစ် တက်လာမှာဖြစ်ကြောင်း၊ တိုင်းပြည် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ ချမ်းသာရေးတို့အတွက် စက်မှုထွန်းကားရန်လိုကြောင်း၊ စားရေးဝတ်ရေးအတွက် မိမိတို့၌ အခြေခံကောင်းသော လယ်ယာကဏ္ဍရှိပြီးဖြစ်ရာ လယ်ယာကဏ္ဍ တိုးတက်မှုနှင့်အတူ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာအောင် ပူးတွဲအားထုတ်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း။

ရေနံဈေးနှုန်းထိုးတက်

စက်မှုကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော လျှပ်စစ်စွမ်းအားကို ရေအားလျှပ်စစ်စီမံကိန်းများ ထူထောင်ပြီး ဖြည့်ဆည်းပေးနိုင်ရန်အတွက်

ယခင်က ပြည်တွင်းစက်မှုလုပ်ငန်းများအတွက် ပြည်ပမှ မှာယူတင်သွ
ပြည်တွင်း၌ပင် ယခုအခါ တိုးချဲ့ထုတ်လုပ်နိုင်ပြီဖြစ်၍ ကုန်ကျစရိတ်သက်သာ

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာသုံး စက်ကိရိယာများအား ဒီဇယ်ဆီအစား ကြက်ဆူဆီ အသုံးပြုမောင်းနှင်နိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အစီအမံရှိရှိ အင်တိုက်အားတိုက် ဆောင်ရွက်နေချိန်၌ ကမ္ဘာ့ရေနံဈေးနှုန်း တစ်ရှိန်ထိုးတက်နေသည့်ဖြစ်ရပ် ကြုံတွေ့လာရကြောင်း။

ရေနံပြဿနာ ကြုံတွေ့ရာ၌ သုံးစွဲမှုအပိုင်းက ထုတ်လုပ်နိုင်သည်ထက် ပိုနေ၍ဖြစ်သည်ဟု စီးပွားရေးပညာရှင်များက စိစစ်တင်ပြလျက်ရှိကြောင်း။

ထုတ်လုပ်မှုအပိုင်းကိုကြည့်လျှင် ၂၀၀၁ခုနှစ်ကထက် ရေနံစိမ်း ၈ ဒသမ ၃ရာခိုင်နှုန်း ပိုမိုထုတ်လုပ်နိုင်သော်လည်း သုံးစွဲမှုအပိုင်း၌ ၈ ဒသမ ၆ရာခိုင်နှုန်း တက်နေကြောင်း၊ အသုံးကများနေကြောင်း၊ ရေနံဈေးပေါသည့်ခေတ် ကုန်ဆုံးသွားပြီဖြစ်ကြောင်း စသည်ဖြင့် သုံးသပ်တင်ပြနေသည်များကိုလည်း လေ့လာဖတ်ရှုနေရကြောင်း။

အစားထိုးနည်းလမ်း

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် ရေနံကို အစားထိုးနိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆလျက်ရှိကြောင်း၊ မော်တော်ကားကုမ္ပဏီများကလည်း ဆီစားသက်သာသည့် မော်တော်ကားမျိုးဆက်သစ်များ ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း။

ရေနံအစားထိုး လောင်စာများအဖြစ် Hydrogen Fuel Cells, Ethanol from vegetable matter, Solar Cells, Wind Power, Synthelic gasoline From Coal, Nuclear Power ထုတ်လုပ်ရေးအပိုင်းကို အလေးထားလာကြောင်း။

ထို့ကြောင့်လည်း ကမ္ဘာ၌ လက်လှမ်းမီသော ဇီဝလောင်စာ (Biofuel) ထုတ်လုပ်အသုံးပြုမှုသည် နှစ်စဉ် တိုးတက်လာလျက်ရှိကြောင်း။

အရှည်ကိုမျှော်

မိမိတို့နိုင်ငံကလည်း အရှည်ကိုမျှော်ပြီး ရေနံအစားထိုးလောင်စာ ပူးတွဲသုံးစွဲရေး၊ ရေနံချွေးခြံချွေတာရေးတို့ကို ယခုကတည်းကပင် အလေးထားအခြေချသင့်ပြီဖြစ်ကြောင်း၊ ဥပမာ–Ethanol သည် Grain Alcohol ဖြစ်ပြီး ကြံ၊ ပြောင်းဖူးစေ့ စသည့် ဆီထွက်သီးနှံများမှထုတ်လုပ်သည့် လောင်စာမျိုးဖြစ်ကြောင်း၊ ယခု ဘရာဇီးနိုင်ငံ၌ တစ်နှစ် ဂါလန် ၃၂သိန်းကျော် ထုတ်လုပ်အသုံးပြုနေသည်ဟု သိရှိရကြောင်း။

ဇီဝလောင်စာအဖြစ် ကြက်ဆူစေ့၊ နေကြာစေ့၊ ပဲပုပ်၊ မြေပဲ၊ နှမ်းနှင့် ကြံတို့မှထုတ်နိုင်သည့်အပြင် လက်ရှိရေနံဖြန့်ဖြူးပေးနေသော Gas Station များမှတစ်ဆင့် လွယ်ကူစွာ ဖြန့်ဖြူးနိုင်သည်ဟု သိရှိရကြောင်း။

မိမိတို့နိုင်ငံ၌ ကြံ၊ ကြက်ဆူပင်၊ နေ
အမျိုးမျိုး ဖြစ်ထွန်းသည့်အတွက် ဇီဝလော
သုံးစွဲနိုင်အောင် စတင်ပြင်ဆင် ကြိုးစားသင့်
လက်လှမ်းတမီ ထုတ်လုပ်အသုံးပြုနိုင်ခြင်း
လယ်ယာလုပ်ငန်းများအတွက်ပါ အဆင်
ဓာတ်ငွေ့သုံးမော်တော်ယာဉ်များကိုလည်း
စီမံသွားရမှာဖြစ်ကြောင်း၊ ယနေ့အထိ
၄၂၀၀ ကျော်ကို (CNG) ယာဉ်များအဖြ
ပြောကြားသည်။

ရှင်းလင်းတ

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုး
မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး
ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက
ပေးအပ်မှု၊ ခေတ်မီ သံရည်ကျိုစက်ရုံလုပ်
မိုနှင့် ဒိုင် စက်ရုံအကောင်အထည်ဖော်
ဘတ်စ်ကားနှင့် ထရပ်ကား ထုတ်လုပ်
မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်
အဖြစ် ပြောင်းလဲနေမှုနှင့် မြန်မာ့စက်မှုလက်
ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့
ဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်
မုံရွာနှင့် တောင်ကြီး(အေးသာယာ) စက်မှု
များ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအ

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာ
ခင်မောင်ကျော်က သဘာဝဓာတ်ငွေ့ CN
ပြောင်းလဲခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍

ဆက်လက်၍ ရထားပို့ဆောင်ရေး
ဦးသောင်းလွင်က ဝန်ကြီးဌာနများနှင့် လု
အစိတ်အပိုင်းများ ထုတ်လုပ်ရေးလုပ်ငန်း
အခြေအနေများ၊ သံရည်ကျို စက်မှုလုပ်ငန်း
မြောင်းတကာစက်မှုဇုန် အခြေအနေတို့ကို
ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုး
ဦးအောင်ဝင်းက သံရည်ကျိုလုပ်ငန်းများ
ဖော်ထုတ်မှုအခြေအနေများကို ပုံစံကားချ

အစားထိုးလော

ထို့နောက် စီးပွားရေးနှင့် ကူးသန်း
လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ
အောင်က ဆီထွက်သီးနှံများမှ ထုတ်လုပ်ရ
အင်ဂျင်များတွင် အစားထိုးအသုံးပြု
ဆောင်ရွက်ချက်များ၊ သီးနှံထွက်ဆီများန
အဆများ၊ အဆိုပါဆီများဖြင့် ဒီဇယ်အင်ဂျ
များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝ
စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူ
ဓာတ်ငွေ့မှ စက်မောင်းဆီထုတ်လုပ်မှု၊ ဇီဝ
မှုဝါဒများနှင့် သစ်တိုသစ်စ အလေးအလွှ

လက်ခံတွေ့ဆုံ

နိုဝင်ဘာ၁၈ရက်ကပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဆိုင်ရာ ဩစတြေးလျား နိုင်ငံ သံအမတ်ကြီး မစ္စတာ အာနို၊ ရီဒယ်(လ်)အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိ ဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။
(သတင်း–ရှေ့ဖုံး)
(သတင်းစဉ်)



နိုဝင်ဘာ ၁၈ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တောင်အာဖရိက သမ္မတနိုင်ငံ သံအမတ်ကြီး မီးစ်ပါးလ်၊ နွမ်ဗယူးမ်၊ မာဂါကွာအား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

...ဉ်ပမှ မှာယူတင်သွင်းနေရသော စက်အရန်ပစ္စည်းများကို ...န်ကျစရိတ်သက်သာသည့်အပြင် နိုင်ငံခြားဝင်ငွေလည်းသက်သာ

မိမိတို့နိုင်ငံ၌ ကြံ၊ ကြက်ဆူပင်၊ နေကြာ၊ ပဲပုပ် စသည့် ဆီထွက်သီးနှံ အမျိုးမျိုး ဖြစ်ထွန်းသည့်အတွက် ဇီဝလောင်စာကို အစားထိုးပြီး လက်တွေ့ သုံးစွဲနိုင်အောင် စတင်ပြင်ဆင် ကြိုးစားသင့်ပြီဖြစ်ကြောင်း၊ ဇီဝလောင်စာဆီကို လက်လှမ်းတမီ ထုတ်လုပ်အသုံးပြုနိုင်ခြင်းဖြင့် စက်မှုလုပ်ငန်းများအတွက်ရော၊ လယ်ယာလုပ်ငန်းများအတွက်ပါ အဆင်ပြေနိုင်ကြောင်း၊ ထို့အတူ သဘာဝ ဓာတ်ငွေ့သုံးမော်တော်ယာဉ်များကိုလည်း တိုးချဲ့အသုံးပြုနိုင်အောင် ဆက်လက် စီမံသွားရမှာဖြစ်ကြောင်း၊ ယနေ့အထိ ဓာတ်ဆီ၊ ဒီဇယ်ဆီ မော်တော်ကား ၄၂၀၀ ကျော်ကို (CNG) ယာဉ်များအဖြစ် ပြောင်းလဲခဲ့ပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက စက်မှုဇုန်တာဝန်ခံများ တာဝန်ပေးအပ်မှု၊ ခေတ်မီ သံရည်ကျိုစက်ရုံလုပ်ငန်းများ အကောင်အထည်ဖော်မှု၊ မိုနှင့် ဒိုင် စက်ရုံအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ စက်မှုဇုန်များက ဘတ်စ်ကားနှင့် ထရပ်ကား ထုတ်လုပ်နိုင်ခဲ့မှု၊ ရေနံချောင်းစက်မှုဇုန်က မော်တော်ဆိုင်ကယ်နှင့် သုံးဘီးဆိုင်ကယ်များ ထုတ်လုပ်မှု၊ CNG ယာဉ်များ အဖြစ် ပြောင်းလဲနေမှုနှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က မန္တလေး၊ မုံရွာနှင့် တောင်ကြီး(အေးသာယာ) စက်မှုဇုန်တို့ရှိ ခေတ်မီ သံရည်ကျိုစက်ရုံများ၏ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က သဘာဝဓာတ်ငွေ့ CNG သုံး မော်တော်ယာဉ်များအဖြစ် ပြောင်းလဲခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရ ဦးသောင်းလွင်က ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များ၏ စက်အရန်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ချက်နှင့် တိုးတက်မှု အခြေအနေများ၊ သံရည်ကျို စက်မှုလုပ်ငန်းများအတွက် ဖော်ထုတ်လျက်ရှိသည့် မြောင်းတကာစက်မှုဇုန် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက သံရည်ကျိုလုပ်ငန်းများအတွက် မြောင်းတကာစက်မှုဇုန် ဖော်ထုတ်မှုအခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

အစားထိုးလောင်စာဆီ

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ အထွေထွေမန်နေဂျာ ဦးသန်းထွန်းအောင်က ဆီထွက်သီးနှံများမှ ထုတ်လုပ်ရရှိသော လောင်စာဆီများကို ဒီဇယ် အင်ဂျင်များတွင် အစားထိုးအသုံးပြုရေးနှင့်စပ်လျဉ်း၍ သုတေသနပြု ဆောင်ရွက်ချက်များ၊ သီးနှံထွက်ဆီများနှင့် ဒီဇယ်ဆီ ရောနှောသည့် အချိုးအဆများ၊ အဆိုပါဆီများဖြင့် ဒီဇယ်အင်ဂျင်များအား စမ်းသပ်မောင်းနှင်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မြတ်ဝင်းက Methane ဓာတ်ငွေ့မှ စက်မောင်းဆီထုတ်လုပ်မှု၊ ဇီဝလောင်စာဆီ ထုတ်လုပ်မှုဆိုင်ရာ မူဝါဒများနှင့် သစ်တိုသစ်စ အလေအလွင့်မှ လောင်စာဆီထုတ်လုပ်မှုတို့ကို လည်းကောင်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာချိုဝင်းမော်က Bio-Fuel for Replacement of Converntional Diesel ဟင်းသီးဟင်းရွက်များမှ ဒီဇယ်ဆီအစားထိုး လောင်စာထုတ်လုပ်ရေး၊ စားအုန်းဆီမှ Bio Diesel ထုတ်လုပ်ရေးနှင့် ဇီဝလောင်စာ Gasohol ထုတ်လုပ်သုံးစွဲမှုတို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အမှုဆောင် ဦးစိန်သောင်းဦးက မြန်မာနိုင်ငံ၌ Gasohol ထုတ်လုပ်သုံးစွဲမှု အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးသန်းမြင့်က နိုင်ငံတကာအဆင့် အရည်အသွေးပြည့်မီသော ပစ္စည်းများ ထုတ်လုပ်ရေးအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်းမှာကြား

ယင်းနောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီးကမ္ဘာ့နိုင်ငံများသည် ရေနံကို အစားထိုးနိုင်ရန် နည်းလမ်းအမျိုးမျိုး ရှာဖွေကြံဆ ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် ရေနံလောင်စာဆီကို ချွေတာသုံးစွဲရင်း တစ်ဖက်ကလည်း မိမိတို့လက်လှမ်းမီသည့် သီးနှံများမှ ဇီဝလောင်စာဆီကို ထုတ်လုပ်အစားထိုး သုံးစွဲနိုင်ရေး ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ညနေ ၅နာရီတွင် ရုပ်သိမ်းလိုက်သည်။

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းပြကွက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ညှိနှိုင်းအစည်းအဝေးအပြီးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာနရုံးဝင်းအတွင်း ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကတို့က ခင်းကျင်းစီစဉ်ပြသထားသည့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ၊ ဒီဇယ်အစားဆီထွက်သီးနှံပင်များမှ ဇီဝလောင်စာ ထုတ်လုပ်အသုံးပြုနိုင်မှုများကို လှည့်လည်ကြည့်ရှုလေ့လာအားပေးကြသည်။

ရှေးဦးစွာ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းပြကွက်ကို ကြည့်ရှုစစ်ဆေးအားပေးကြရာ ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းသို့ပြသရာတွင် ရေအမြင့် ၁၅ပေတွင် တပ်ဆင်အသုံးပြုနိုင်သည့် 5 KW ရေအားလျှပ်စစ်ထုတ်စက်၊ အမြင့်ပေ ၆၀တွင် တပ်ဆင်အသုံးပြုနိုင်သည့် 40KW ရေအားလျှပ်စစ်ထုတ်စက်၊ အမြင့်ပေ ၁၂၀တွင် တပ်ဆင်အသုံးပြုနိုင်သည့် 60 KW နှင့် 200 KW ရေအားလျှပ်စစ်ထုတ်စက်တို့ကို ပြသထားသည်။

ထို့အပြင် ရေအမြင့်ပေ ၁၃၀အထက် ရေစီးနှုန်းကောင်းသည့်နေရာများ၌ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်သည့် Francis Water Turbine. Model-HL-160-WJ-42 အမျိုးအစားကိုလည်း ပြသထားသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာနအနေဖြင့် အင်းတကော် စက်မှုနယ်မြေရှိ လျှပ်စစ်မော်တာအလုပ်ရုံက ထုတ်လုပ်နေပြီဖြစ်သည့် မြင်းကောင်ရေ အမျိုးမျိုးရှိသော မော်တာများကိုလည်း ပြသထားသည်။

ထို့ပြင် အင်းတကော်စက်မှုနယ်မြေ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံက စမ်းသပ်ထုတ်လုပ်လျက်ရှိသည့် မော်တော်ယာဉ်သုံး Ignition Coil(ကွိုင်)၊ Fuel Pump (ဆီပန့်)၊ Alternator (ဒိုင်နမို)နှင့် Starter Mortor (မော်တာ)တို့ကို လည်းကောင်း၊ ပဲခူးတိုင်း ပန်းတောင်းမြို့နယ် ဆင်တဲရှိ လျှပ်စစ်မီတာ အလုပ်ရုံကထုတ်လုပ်သည့် 1 Phase 2Wire အိမ်သုံးမီတာများနှင့် 3 Phase 4 Wire အိမ်သုံးမီတာများကို လည်းကောင်း ခင်းကျင်းစီစဉ်ပြသထားသည်။

စစ်ဆေးအားပေး

ဆက်လက်၍နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လယ်ယာသုံး စက်ကိရိယာပြကွက်ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

အဆိုပါပြကွက်တွင်စက်မှုလယ်ယာ ဦးစီးဌာနအနေဖြင့် ဦးစီးဌာနက ထုတ်လုပ်သည့် လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် စပါးရိတ်စက်များကို ဒီဇယ်ဆီအစား ကြက်ဆူဆီ (Jatropha)အသုံးပြု မောင်းနှင်နိုင်မှုကို အဓိကထား ပြသထားသည်။

ပြသ

"လယ်ယာ (၁၆)သုံးစွဲသူ၊ ဒီဇယ်ဆီကို စိတ်မပူနဲ့တော့" ဟူသည့် ပိုစတာဖြင့်ကျေးလက်ဒေသ၌အလွယ်တကူရနိုင်သော ခြံစည်းရိုးကြက်ဆူကို ဆီထုတ်၍ ဒီဇယ်ဆီအစား အသုံးပြုနိုင်မှုကို စက်မှုလယ်ယာဦးစီးဌာနမှ အမျိုးသမီးငယ်များက လယ်ယာ(၁၆) လက်တွန်းထွန်စက်များကို လက်တွေ့မောင်းနှင်၍ ပြသကြသည်။

လယ်ယာ(၁၆) လက်တွန်းထွန်စက်သုံး မြင်းကောင်ရေ ၁၆–ကောင် အင်ဂျင်တွင် ဒီဇယ်ဆီအစား ကြက်ဆူဆီကို စမ်းသပ်အသုံးပြုရာ၌ တစ်နာရီလျှင် သုည ဒသမ ၆ဂါလန်ခန့် ကြက်ဆူဆီ ကုန်ကျသည်ကို စမ်းသပ်တွေ့ရှိရပြီး အင်ဂျင်စွမ်းအား လျော့နည်းမှု မရှိကြောင်းလည်း တွေ့ရှိရသည်။

အဆိုပါ ပြကွက်၌ ကျေးလက်တောင်သူများ၏ အကြံပြုချက်အရ လယ်ယာ(၁၆) လက်တွန်းထွန်စက်၌ ပြောင်းလဲ ထုတ်လုပ်ထားမှုများကိုလည်း ပြသထားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❐

အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံသစ်ကြီး တည်ဆောက်နေချိန်တွင် အင်အားတောင့်တင်း စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကြီးတစ်ရပ် မလွဲမသွေလိုအပ်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း အမှတ်စဉ်(၆၇) လေယာဉ်မောင်းသင်တန်း သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၁၈

တပ်မတော်(လေ) လေကြောင်းအတတ်သင် လေတပ်စခန်း အမှတ်(၁) လေယာဉ်မောင်း သင်တန်းကျောင်း၏ အမှတ်စဉ်(၆၇) လေယာဉ်မောင်းသင်တန်း သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် မိတ္ထီလာမြို့ ရှမ်းတဲရှိ လေကြောင်းအတတ်သင် လေတပ်စခန်း စစ်ရေးပြကွင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ လေကြောင်းအတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်ခင်မောင်တင်၊ မြေပြင်အတတ်သင်လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်း၊ တပ်မတော်(လေ)မှ လေတပ်စခန်းဌာနချုပ်မှူး၊ လေတပ်စခန်းမှူး၊ အုပ်မှူး၊ တပ်မှူးနှင့်ဌာနမှူးများ၊ မိတ္ထီလာတပ်နယ် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော် အရာရှိများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းဆင်းအရာရှိများ၏ မိဘဆွေမျိုးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလေးပြုခြင်းခံယူ

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ကျောင်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများအား စစ်ဆေးပြီးနောက် ယင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ယင်းသို့ တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြစဉ် တပ်မတော်(လေ)မှ ဂျက်တိုက်လေယာဉ်များက အုပ်စုဖွဲ့၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းအား ဝေဟင်မှ အလေးပြု ပျံသန်းကြသည်။

ထူးချွန်ဆုချီးမြှင့်

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အမှတ်စဉ်(၆၇) လေယာဉ်မောင်း သင်တန်းမှ စာပေထူးချွန်ဆုရ လေ(၃၀၄၆) ဗိုလ်အောင်ကျော်စွာထွန်းအားလည်းကောင်း၊ လေယာဉ်မောင်းထူးချွန်ဆုရ လေ(၃၀၇၉) ဗိုလ်စောရန်နိုင်အားလည်းကောင်း၊ စံပြ လေသူရဲဆုရ လေ(၃၀၄၀) ဗိုလ်ဇာနည်ထက်အောင်အားလည်းကောင်း ထူးချွန်ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

အမှာစကားပြောကြား

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက အမှာစကားပြောကြားရာတွင် ယနေ့သည် အမှတ်စဉ်(၆၇) လေယာဉ်မောင်းသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပသည့်နေ့ဖြစ်ကြောင်း၊ အခြေခံနှင့် တန်းမြင့်လေယာဉ်မောင်း သင်တန်းများကို အောင်မြင်ခဲ့ကြသည့် ရဲဘော်တို့ကို တပ်မတော်(လေ)၏ မျိုးဆက်သစ်လေသူရဲများအဖြစ် တောင်ပံအပ်နှင်း အသိအမှတ်ပြုမည့် သမိုင်းဝင် နေ့တစ်နေ့ပင် ဖြစ်ကြောင်း၊ ယင်းကဲ့သို့ ထူးခြားမွန်မြတ်သည့်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား မှာကြားစရာရှိသည်များကို မှာကြားလိုကြောင်း။

တပ်မတော်(လေ)ကို ၁၉၄၇ခုနှစ် ဒီဇင်ဘာလ ၁၅ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြောင်း၊သက်တမ်းအားဖြင့် (၅၈)နှစ် ပြည့်မြောက်တော့မည့် တပ်မတော်(လေ)တွင် လေယာဉ်မောင်းသင်တန်းပေါင်း ၆၆ ခု ဖွင့်လှစ်မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ ဝေဟင်ထက်မှ ပျံသန်းရင်း နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် တပ်မတော်(လေ)အတွက် ရဲဘော်တို့သည် တိုးပွားလာသည့် အင်အားသစ်များပင် ဖြစ်ကြောင်း၊ မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး နိုင်ငံတော်အတွက် အသက်ပေး ကာကွယ်ခဲ့သည့် နောင်တော် လေသူရဲများ၏ လေးစားအားကျဖွယ် ဂုဏ်ဒြပ်ကို ဆက်လက်ထိန်းသိမ်းကြရန် မှာကြားလိုကြောင်း။

ယနေ့ကမ္ဘာတွင် နိုင်ငံအသီးသီးသည် တိုးတက်ဖွံ့ဖြိုးလာသည့် မိမိနိုင်ငံအကျိုးစီးပွားကို ကာကွယ်ရန် အလို့ငှာ မိမိတို့၏ ကာကွယ်ရေး စွမ်းအားစုများကို တိုးမြှင့်ဆောင်ရွက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ကာကွယ်ရေး စွမ်းအားစုထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် လေကြောင်းစွမ်းအားကို တည်ဆောက်ရာ၌ မိမိနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက် တိုက်ခိုက်မှုကို ကာကွယ်နိုင်ရေးအတွက် သာမကဘဲ ဒေသတွင်းလုံခြုံရေးရရှိရန်အထိ ရည်ရွယ်တည်ဆောက်ကြသည်ကို တွေ့ရကြောင်း။

ပိုမိုထင်ရှား

ယနေ့ကာလသည် အဆင့်မြင့်စက်မှုနည်းပညာများ အသုံးချနိုင်မှုနှင့် အသာစီးယူပြီး တိုက်ပွဲနယ်မြေကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်အောင် ချဲ့ထွင်ထိန်းချုပ်နေသည့် နိုင်ငံကြီးများ၏ ခြိမ်းခြောက်မှုကို ရင်ဆိုင်နေရသည့် ကာလပင်ဖြစ်ကြောင်း၊ ကမ္ဘာတစ်လွှားဖြစ်စဉ်ဖြစ်ရပ်သာဓကများအရ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်ဆိုသည့် သဘောတရားသည် ပိုမိုထင်ရှားခိုင်မာလာသည်ကို တွေ့ရကြောင်း။

ထို့ကြောင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ပြီး အဘက်ဘက်မှ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံသစ်ကြီး တည်ဆောက်နေချိန်တွင် ကာကွယ်ရေးအတွက် အင်အားတောင့်တင်းခိုင်မာပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော်ကြီး တစ်ရပ်သည် မလွဲမသွေ လိုအပ်လာကြောင်း၊ ယင်းလိုအပ်ချက်နှင့်အညီ အင်အားတောင့်တင်းခိုင်မာပြီး နည်းပညာအဆင့်အတန်း မြင့်မားသော လေကြောင်းစွမ်းအားကို ပိုင်ဆိုင်သည့် တပ်မတော်(လေ)အဖြစ် ရောက်ရှိအောင် တည်ဆောက်ရေးတာဝန်သည် တပ်မတော်(လေ)တွင်ရှိသည့် အဆင့်အတန်းအားလုံးက အလေးအနက် ခံယူထမ်းဆောင်ရမည့် သမိုင်းပေးတာဝန်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

လေကြောင်းစွမ်းအား(Air Power)၊ လေကြောင်းနှင့် အာကာသစွမ်းအား (Aerospace Power) တို့သည် ပိုင်ဆိုင်ထားသည့် အရင်းအမြစ်များပေါ်၌ တည်မှီနေကြောင်း၊ ယင်းတို့မှာ နိုင်ငံတစ်နိုင်ငံ၏ လေကြောင်းပျံသန်းရေးအင်အားနှင့် စွမ်းဆောင်နိုင်မှုများပင်ဖြစ်ကြောင်း၊ လေကြောင်းပျံသန်းရေးအင်အားအတွက် ရုပ်ဝတ္ထုပစ္စည်းပိုင်းကို ဖြည့်ဆည်းနေရသကဲ့သို့ ကိုင်တွယ်အသုံးချမည့် လူသားအရင်းအမြစ်များကိုလည်း စဉ်ဆက်မပြတ် ပြုစုပျိုးထောင်နေရကြောင်း၊ နိုင်ငံ၏ ဓနအင်အားအရ ရုပ်ဝတ္ထုပိုင်းကို ချက်ချင်းလက်ငင်း ဖြည့်ဆည်းပေးနိုင်သော်လည်း လူသားအရင်းအမြစ်မှာ အချိန်ယူ သင်ကြားလေ့ကျင့်ပေးရခြင်းကြောင့် ရုတ်ခြည်းပိုင်ဆိုင်နိုင်မှုမရှိတာ တွေ့ရကြောင်း၊ ထို့ကြောင့် အဆင့်အတန်းမြင့်မားခေတ်မီသည့် လေယာဉ်၊ ရဟတ်ယာဉ်၊ လက်နက်နှင့် အထူးလုပ်ငန်းသုံးပစ္စည်းများ ပိုင်ဆိုင်နိုင်ရေးထက် မိမိလက်ဝယ်ရှိပြီးဖြစ်သည့် ရုပ်ဝတ္ထုပစ္စည်းများကို စွမ်းအားပြည့် အသုံးချနိုင်စွမ်းရှိသည့် လူသားအရင်းအမြစ်များရှိစေရေးသည် ပိုပြီးပဓာနကျကြောင်းကို ပြောကြားလိုကြောင်း။

လေ့လာဆည်းပူး

ထို့အပြင် လူသားအရင်းအမြစ်များကိုလည်း အတတ်ပညာတစ်မျိုးတည်းသာမက တတ်ကျွမ်းနားလည်စေပြီး စွမ်းရည်ထက်မြက် မြင့်မားအောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ရဲဘော်တို့အပါအဝင် တပ်မတော်(လေ)တွင် တာဝန်ထမ်းဆောင်နေသည့် အဆင့်အတန်းအားလုံးသည် မိမိ၏ မူလလက်ရှိ တာဝန်ကို ကျွမ်းကျင်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ရမည်ဖြစ်သကဲ့သို့ မည်သည့်တာဝန်မျိုးကိုမဆို အချိန်အခါမရွေး ထမ်းဆောင်နိုင်ရန်ကိုလည်း လေ့လာဆည်းပူး ပြင်ဆင်ထားရန် တိုက်တွန်းပြောကြားလိုကြောင်း။

ရဲဘော်တို့ကို လေသူရဲအရာရှိများအဖြစ် ပျံသန်းရေးအတွက် ပညာကို ကနဦး ပြည့်စုံစွာဖြည့်ဆည်းပေးလိုက်ပြီးဖြစ်ကြောင်း၊ တာဝန်ကျရာ ပျံသန်းရေးအုပ်တို့၌ သက်ဆိုင်ရာ လေယာဉ်၊ ရဟတ်ယာဉ် လွှဲပြောင်းသင်တန်းများကို ဆက်လက် တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ လေယာဉ်မောင်းသင်တန်းကျောင်းမှာကဲ့သို့ အစစအရာရာ အသင့်နာယူမှတ်သားရုံမျှဖြင့် မလုံလောက်ဘဲ မိမိကိုယ်တိုင်က သိလိုစိတ်ဖြင့် ရှာဖွေလေ့လာ ဆည်းပူးရမည်ဖြစ်ကြောင်းကို သတိပေးလိုကြောင်း၊ လေသူရဲတစ်ဦးအဖြစ် မိမိကိုယ်မိမိ တည်ဆောက်ရာတွင် လေ့လာသင်ယူခြင်း၊ အဖန်ဖန်တလဲလဲ လေ့ကျင့်ခြင်း၊ ရရှိပြီးသည်ကို အခြေခံကာ ဆပွားလေ့လာသင်ယူခြင်းဆိုသည့် လုပ်ငန်းစဉ်သည် ရပ်နားပြီးဆုံးခြင်းမရှိကြောင်းကို သတိချပ်စေလိုကြောင်း၊ ရဲဘော်တို့အနေဖြင့် ပျံသန်းရေးတာဝန် ထမ်းဆောင်ရာတွင် လူသား၊ စက်ကိရိယာပစ္စည်းနှင့် ရာသီဥတု၊ ရေမြေတောတောင် သဘာဝ၊ အမြင့်ပျံသန်းရခြင်း၊ မြေဆွဲအား စသောဆက်သွယ်နေသည့် ကြောင်းချင်းရာများအားလုံးကို စိန်ခေါ်မှုများအဖြစ် အမြဲတမ်း တွေ့ကြုံရင်ဆိုင်နေရမှာဖြစ်ကြောင်း၊ အတတ်ပညာနှင့် လေ့ကျင့်သားပြည့်ဝခြင်းဖြင့် ယင်းစိန်ခေါ်မှုများကို မတွန့်မဆုတ် ရင်ဆိုင်ကျော်လွှားပြီး ပေးအပ်သည့်တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်မှာဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ရဲဘော်တို့သည် ပျံသန်းရေးကဏ္ဍပိုင်းတွင် ကျွမ်းကျင်လိမ္မာသည့် လေသူရဲများဖြစ်အောင် ဆည်းပူးလေ့ကျင့်နေရမည်ဖြစ်သကဲ့သို့ အရာရှိကောင်းတစ်ယောက်အနေဖြင့် မိမိအုပ်၊ မိမိလေတပ်စခန်းဌာနချုပ်တို့၏ တပ်တည်ဆောက်ရေး လုပ်ငန်းကြီးလေးရပ်ကိုလည်း အကောင်အထည်ဖော်ရမှာဖြစ်ကြောင်း။

မိမိကိုယ်တိုင်က တပ်တိုင်း ရဲဘော်တိုင်းမှာရှိရမည့် အခြေခံအရည်အချင်း ငါးပါးနှင့် ပြည့်စုံအောင် ဖြည့်ဆည်းနေရမှာဖြစ်သကဲ့သို့ မိမိလက်အောက်ငယ်များကိုလည်း လမ်းညွှန်ဦးဆောင်နေရမှာဖြစ်ကြောင်း။

အမြင်လေးမြင်

ယခုအခါ ဒီမိုကရေစီနိုင်ငံတော်အတွက် လိုအပ်သည့် အခြေခံကောင်းများ ခိုင်ခိုင်မာမာဖြစ်ထွန်းလာအောင် မနေမနားထူထောင်ရင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ဖြစ်သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ချမှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ရဲဘော်တို့အနေဖြင့် စစ်ရေးအမြင်သာမကဘဲ နိုင်ငံရေး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ▲

ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း အမှတ်စဉ်(၆၇) လေယာဉ်မောင်းသင်တန်းမှ စာပေထူးချွန်ဆုရ လေ(၃၀၄၆) ဗိုလ်အောင်ကျော်စွာထွန်းအား ထူးချွန်ဆု ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❐ စာမျက်နှာ ၉ မှ

တစ်ဆက်တည်းပင် မြန်မာ့စိုက်ပျိုး မွေးမြူရေးလုပ်ငန်းပြကွက်၌ ကြက်ဆူဆီကိုအသုံးပြု၍ ကျေးလက်သုံး ဟာလာစက် လက်တွေ့မောင်းနှင်ပြသခြင်း၊ ရေစုပ်စက်နှင့် မီးစက်များ မောင်းနှင်ပြသခြင်းတို့ကိုလည်း ပြသကြသည်။

ကြက်ဆူရိုင်း ဇီဝလောင်စာ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁) စက်မှုဝန်ကြီးဌာန စားသောက်ဆိုင်အတွင်း၌ ပြသထားသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ခြံစည်းရိုးတွင် အလွယ်တကူပေါက်ရောက်နိုင်သည့် ကြက်ဆူရိုင်းမှ ဇီဝလောင်စာထုတ်လုပ်ခြင်းပြကွက်အနက် ကျေးရွာများ၌ တောင်သူများက ခြံစည်းရိုးများတွင် ကြက်ဆူရိုင်းများစိုက်ပျိုးထားမှု မှတ်တမ်းဓာတ်ပုံများ၊ ကြက်ဆူရိုင်းအသီးအပွင့်တို့၏ မှတ်တမ်းဓာတ်ပုံများ၊ ကိုင်းကူးနည်းဖြင့်လည်းကောင်း၊ မျိုးထုပ်ငယ်ဖြင့်လည်းကောင်း ကြက်ဆူရိုင်း စိုက်ပျိုးနိုင်မှုများ၊ ကြက်ဆူရိုင်းနှင့် မျိုးတူသည့် ရော်ဘာ၊ ကနစိုနှင့် ကြက်ဆူရိုးနီ နမူနာပင်များကို ပြသထားသည်။

ထို့ပြင် ခြံစည်းရိုးကြက်ဆူမှ ဇီဝလောင်စာထုတ်လုပ်ပုံ အဆင့်ဆင့်ကို လက်တွေ့ပြသကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြကွက်၌ တစ်နာရီစပါး ၁၅တင်းကျ SW-၆ ဆန်စက်ငယ်ကို ကြက်ဆူလောင်စာဆီဖြင့် စမ်းသပ်မောင်းနှင်ပြသမှုကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

အဆိုပါပြကွက်၌ ကြက်ဆူဆီကဲ့သို့ ဒီဇယ်စက်မောင်းဆီကို အစားထိုးအသုံးပြုနိုင်သည့် ဇီဝလောင်စာများဖြစ်သော မြေပဲဆီ၊ အုန်းဆီ၊ ဖွဲနုဆီ၊ စားအုန်းဆီ၊ ဝါစေ့ဆီ၊ နှမ်းဆီ၊ ပဲပုပ်ဆီ နမူနာများ ကိုလည်း ပြသထားသည်။

ထုတ်လုပ်မှုနည်းစဉ်

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းကလည်း စားအုန်းဆီမှ ဇီဝလောင်စာထုတ်လုပ်မှုနည်းစဉ်ပြကွက်ကို ပြသထားသည်။

Palm Oil တစ်ဂါလန်ကို ဇီဝလောင်စာထုတ်လုပ်ရာတွင် သုည ဒသမ ၉၆ ဂါလန်ရရှိပြီး တစ်ဂါလန်၏ တန်ဖိုးမှာ ငွေကျပ် ၂၄၀၀ ခန့်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ဇီဝလောင်စာကို အသုံးပြုပါက အင်ဂျင်ကို ပြုပြင်ပြောင်းလဲရန်မလိုသကဲ့သို့ အင်ဂျင်ကိုလွယ်ကူစွာ နှိုးနိုင်သည်။ မီးခိုးလုံးဝမထွက်သဖြင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိသကဲ့သို့ ဆီညှော်နံ့လည်း မထွက်ကြောင်း သိရှိရသည်။ ဒီဇယ်ဆီထက် ပိုမိုအသုံးခံကြောင်းလည်း သိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ လေအားလျှပ်စစ်ထုတ်စက်နှင့် လေအားလျှပ်စစ်ထုတ်စက်ဖြင့် ဘက်ထရီအားသွင်းနိုင်မှု၊ လျှပ်စစ်ရရှိ အသုံးပြုနိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ ပြည်တွင်းပြည်ပ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ မြန်မာနိုင်ငံ၌ ဇီဝလောင်စာ(Gasohol) ထုတ်လုပ်သုံးစွဲမှု အခြေအနေမှတ်တမ်းဓာတ်ပုံများ၊ လေဟာနယ်နည်းသုံး သွန်းပုံနည်းစနစ်ဖြင့် ထုတ်လုပ်သည့်သင်္ဘောပစ္စည်းများနှင့် နှစ်မျိုးတွဲ(အရက်နှင့်ဒီဇယ်)သုံး အင်ဂျင်စမ်းသပ်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးအားပေးကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

မောင်းနှင်ပြသ

ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆီထွက်သီးနှံပင်များမှ ထွက်ရှိသည့် ဇီဝလောင်စာဆီကို အသုံးပြု၍ ဒီဇယ်ဆီသုံးမော်တော်ယာဉ်များအား အစားထိုးစမ်းသပ်မောင်းနှင် နိုင်မှုပြကွက်ကို ပြသထားရာ 2 Ton Fork Lift ထယ်ထိုးစက်၊ Hino TE-21 နှင့် Toyota Town Ace မော်တော်ယာဉ်တို့ကို ကြက်ဆူလောင်စာဆီ အသုံးပြု၍ မောင်းနှင်ပြသကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်(မန္တလေး) ၏ ဓာတ်ဆီ၊ အီသနော(Ethanol)နှင့် CNG တို့သုံးစွဲမောင်းနှင်နိုင်သည့် ၎င်းကုမ္ပဏီထုတ် ရွှေသမင်သုံးဘီး ဆိုင်ကယ်နှင့် သုံးစွဲနိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

အမှတ်စဉ်(၆၇) လေယာဉ်မောင်းသင်တန်း သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

▲ စာမျက်နှာ ၁၀ မှ

အမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်ဆိုသည့် အမြင်လေးမြင်ဖြင့် နိုင်ငံတော်၏ တိုးတက်ဖြစ်ထွန်းမှုများကို မျက်ခြည်မပြတ် လေ့လာနေရန် လိုအပ်ကြောင်း၊ ယင်းအမြင်လေးမြင်ဖြင့် ရှုမြင်သုံးသပ်ရာတွင် မျိုးချစ်စိတ်ဓာတ်ကို အရင်းခံထားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်သည်သာ တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် ဖြစ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့အနေဖြင့် မည်သည့်နေရာဒေသ၌ တာဝန်ထမ်းဆောင်ရသည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန်အလွန် အရေးကြီးကြောင်းကို ပြောကြားလိုကြောင်း။

မိမိတို့ တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ထာဝရ ဦးထိပ်ပန်ဆင်ဆောင်ရွက်ခဲ့ကြောင်းကို သမိုင်း၌ အထင်အရှားတွေ့မြင်နိုင်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် စွမ်းရည် သုံးရပ်ထက်မြက်မြင့်မားရန် လိုအပ်ကြောင်း၊ စွမ်းရည်သုံးရပ် ထက်မြက်မြင့်မားရန်အတွက် တပ်မတော်အား(၁၀)ပါး ပြည့်ဝအောင် ကျင့်ကြံနေထိုင်မှသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရဲဘော်တို့သည် တပ်မတော်(လေ)တွင် စစ်ဘက်ခေါင်းဆောင်ငယ်များ ဖြစ်ကြသည့်အတွက် ခေါင်းဆောင်မှုအင်္ဂါရပ်များ ပြည့်စုံအောင် အားထုတ်ကြရမည်၊ လေသူရဲ အရာရှိတစ်ဦးအနေဖြင့် မိမိ၏ အရည်အသွေးအရည်အချင်းများ ပြည့်ဝတောက်ပြောင်လာအောင်ဆောင်ရွက်ရာ၌ တစ်ဦးချင်း ကျန်းမာကြံ့ခိုင်ရေးသည် အခြေခံလိုအပ်ချက်တစ်ရပ်ပင်ဖြစ်ကြောင်း။

တပ်မတော်(လေ)အနေဖြင့် စွမ်းရည်သုံးရပ် ပြည့်စုံပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေး တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်လျက်ရှိကြောင်း၊ အင်အားတောင့်တင်း ခိုင်မာပြီး အဆင့်အတန်းမြင့်မားသည့် လေကြောင်း စွမ်းအားကို ပိုင်ဆိုင်သည့် တပ်မတော်(လေ)အဖြစ် ရောက်ရှိအောင်လည်း ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ တပ်မတော်(လေ)သည် လက်ရှိပိုင်ဆိုင်ထားသည့် လေကြောင်း စွမ်းအားကို အသုံးပြု၍ မည်သို့သော ကျူးကျော်ရန်သူကိုမဆို တွန်းလှန်ချေမှုန်းနိုင်ရေးအတွက် အမြဲတမ်း တိုက်ပွဲဝင် အသင့်ဖြစ်သည့် လေသူရဲကောင်းများဖြစ်အောင် ကြိုးစားအားထုတ် ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက် ၉နာရီခွဲတွင် လေကြောင်းအတတ်သင်လေတပ်စခန်းရှိ သူရအုန်းခိုင်ခန်းမ၌ လေသူရဲတောင်ပံအပ်နှင်းပွဲကို ဆက်လက်ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေး ဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီး မြတ်ဟိန်းက ကျောင်းဆင်းအရာရှိများအား လေသူရဲတောင်ပံများနှင့် သင်တန်းဆင်းအောင်လက်မှတ်များ အပ်နှင်းပြီး သင်တန်းဆင်းအရာရှိများအား လိုအပ်သည်များမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းသည် ကျောင်းဆင်းအရာရှိများနှင့် ယင်းတို့၏ မိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ ကျောင်းဆင်း အရာရှိများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ (သတင်းစဉ်)

တရားတော်ဟောကြားမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ကြီး စံလွန်တော်မူခြင်း သုံးနှစ်ပြည့် ပူဇော်ပွဲကို နိုဝင်ဘာ ၂၀ရက် နံနက်၈နာရီခွဲတွင် ရွှေဥမင်ဓမ္မသုခတောရရိပ်သာ (ပတ္တမြားမြို့သစ်) မင်္ဂလာဒုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကယော ဆရာတော်က တရားတော်ဟောကြားချီးမြှင့်မည်ဖြစ်သည်။နိုဝင်ဘာ ၂၄ရက် ညနေ ၅နာရီတွင် ဆရာတော်ကြီး၏ ရုပ်တုတော် ဖွင့်ပွဲကျင်းပပြီး ည ၇နာရီတွင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ ဆရာတော်က တရားတော်ဟောကြားချီးမြှင့်မည်ဖြစ်သည်။ (က–ပ)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေပုန်းညက်ရိပ်မွန် ရွှေမဉ္ဇူလမ်းနေ ဗိုလ်မှူးကြီးလှမြင့် – ဒေါ်သီဂီစိုး မိသားစုက ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့တာအာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ် နှစ်သိန်းတစ်သောင်း ငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပေးအပ်လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၈)လမ်းနေ ဦးစံရ–ဒေါ်ခင်ရီ သားသမီးမြေးမြစ်တစ်စုက ငွေကျပ် ၁၁၀၀၀၀ ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင် ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၁–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ အကပြိုင်ပွဲ

၈:၀၀ ၇။ တေးဂီတအစီအစဉ်

၈:၁၀ ၈။ အတီးပြိုင်ပွဲ

၈:၁၅ ၉။ နဂါးရေလှောင်တမံ

၈:၂၅ ၁၀။ အဆိုပြိုင်ပွဲ

၈:၃၀ ၁၁။ International News.

၈:၄၅ ၁၂။ Grammar Made Easy.

၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၅ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၁၂:၃၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်နွေးနွေး" (အပိုင်း–၆)**

၁:၀၀ ၇။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ

၁:၁၀ ၈။ **"လောကရဲ့အလှရတနာ" (ရဲအောင်၊မေသဉ္ဇာဦး၊သူထူးစံ၊ ပွင့်နဒီမောင်၊ချစ်စနိုးဦး၊ ချောရတနာ၊မေကဗျာ)**

၁:၂၅ ၉။ ထက်မြက်ထူးချွန်ပညာရည်မွန် (အပိုင်း–၁)

၁:၃၅ ၁၀။ အဆိုပြိုင်ပွဲ

၁:၄၀ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၂:၀၀ ၁၂။ ဖွံ့ဖြိုးသာယာတိုင်းဇရာ

၂:၁၀ ၁၃။ **"ဈေးကွက်တံခါးခေါက်သံ" (မြင်စိုင်းသားအောင်အောင်၊ စိန်ရိုး၊အရှည်ကြီး၊အုန်းသီး၊ ရွှေအေးကို၊ကောင်းဈာန်သစ်၊ မိုးပြည့်ပြည့်မောင်၊တင်တင်လှ) (ဒါရိုက်တာ–ဇော်ဆက်)**

၂:၃၀ ၁၄။ အတီးပြိုင်ပွဲ

၂:၄၅ ၁၅။ International News.

၃:၀၀ ၁၆။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use.

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)**

၅:၁၅ ၆။ အဆိုပြိုင်ပွဲ

၅:၂၀ ၇။ မြန်မာစာ မြန်မာစကား

၅:၃၅ ၈။ အကပြိုင်ပွဲ

၅:၄၅ ၉။ တေးဂီတအစီအစဉ်

၅:၅၅ ၁၀။ အတီးပြိုင်ပွဲ

၆:၀၀ ၁၁။ **"မင်းမသိသေးပါဘူးကွာ" (ရောဇ္ဇက်ပျော်ကြော်၊ချစ်စရာ၊ ကြူကြူသင်း၊အေးအေးခိုင်) (ဒါရိုက်တာ–ဆွေဇင်ထိုက်)**

၆:၁၅ ၁၂။ ချစ်စရာ့အရွယ်ကစားကြမယ်

၆:၃၀ ၁၃။ ညနေခင်းသတင်း

၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာ ကန်သာယာ" (အပိုင်း–၂၄)**

၇:၃၅ ၁၆။ တေးဂီတအစီအစဉ်

၇:၄၅ ၁၇။ ဝင်ငွေရဖို့သေချာ ရေထဲကရတနာ(အပိုင်း–၁)

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ **(ဇာတ်လမ်းတွဲ)**

၂၂။ နောက်တစ်နေ့အစီအစဉ်

၂၃။ အစီအစဉ်ပြီး၏။

ညောင်တုန်းမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံ လည်ပတ်နေမှု စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းညောင်တုန်းမြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံ လည်ပတ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးအားစက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ခေတ္တဦးဆောင် ညွှန်ကြားရေးမှူး ဦးသောင်းမြင့်က ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့် သဘာဝဓာတ်ငွေ့အသုံးပြုမှုနှင့် လျှပ်စစ်မီးရရှိမှု အခြေအနေ၊ ရေနံဓာတ်ငွေ့ရည်ထုတ်လုပ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက တတ်ကျွမ်းသူပညာရှင်များမှ နည်းပညာပိုင်းကို စေ့စပ်သေချာစွာ ဂရုတစိုက်ဆောင်ရွက်ရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့ကိုမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက်ဝန်ကြီးသည် စက်ရုံအတွင်း မီသိန်း/အီသိန်း ဖယ်ထုတ်စက်၊ ပရိုပိန်းနှင့် ဗြူတိန်းဖယ်ထုတ်စက်များ လည်ပတ်နေမှုအခြေအနေနှင့် စက်ရုံထိန်းချုပ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ခေတ္တဦးဆောင် ညွှန်ကြားရေးမှူးက လိုက်လံရှင်းလင်းပြသသည်။ ဆက်လက်၍ဝန်ကြီးသည် ရေနံဓာတ်ငွေ့ရည် သိုလှောင်ထားရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)မှ နက်ဖ်သာဓာတ်ဆီ၊ ပရိုပိန်းနှင့်ဗြူတိန်း ဓာတ်ငွေ့ရည်များ ထုတ်လုပ်လျက်ရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ဧရာဝတီတိုင်း ညောင်တုန်း မြို့နယ်ရှိ ရေနံဓာတ်ငွေ့ရည်စက်ရုံတွင် စက်ရုံထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သက်တော်ရှည် ပဲခူးကြခတ်ဝိုင်းဆရာတော်ကြီးအား နိုဝင်ဘာ ၂၃ရက်၌ကျင်းပမည့် (၁၃၅)ကြိမ်မြောက် ပဲခူး ဝိနည်းစာပြန်ပွဲတော်ကြီးတွင် ကြခတ်ဝိုင်းဝံသာဓိပတိအဂ္ဂမဟာနာယကဘွဲ့ တံဆိပ်တော်မြတ် ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်ကြောင်း ဒါယကာ၊ ဒါယိကာမများအား အသိပေးနှိုးဆော်ထားသည်။ (က–ပ)

(၁၉)ကြိမ်မြောက် မင်္ဂလာဈေးမိသားစု မဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၁၃ ရက်က ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတော်ကြီး၌ ကျင်းပရာ ကထိန်ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်၊ ဈေးတာဝန်ခံ ဦးတင်ရှိန်နှင့် ဒုဥက္ကဋ္ဌ ဦးတင်အောင်တို့က ဇမ္ဗူအေးကျောင်းဝင်း ဓမ္မရက္ခိတ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဝရသာမိထံ သင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဒဂုံမြို့သစ်(တောင်ပိုင်း) (၂၀)ရပ်ကွက်၊ အမှတ်(၂)ဈေးသူဈေးသားများ၏ စုပေါင်း မဟာဘုံကထိန်ကို နိုဝင်ဘာ၁၅ရက်က ကျင်းပရာ ကန်ဦးကျောင်းဦးစီးပဓာနနာယက ဆရာတော်အရှင်ပညာဗလအား ဦးကျော်စွာဝေ–ဒေါ်ဇင်မာဦး မိသားစု(လှသီတာရွှေဆိုင်)က ကထိန်လျာသင်္ကန်းဆက်ကပ်စဉ်။

(က–ပ)

နိုဝင်ဘာလ တတိယ ၁၀ရက်ပတ် မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ၁၅စင်တီမီတာ (ပေဝက်ခန့်)နှင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် ၃၀စင်တီမီတာ(တစ်ပေခန့်)၊ ညောင်ဦးမြို့၊ချောက်မြို့၊ မင်းဘူးမြို့၊မကွေးမြို့၊ အောင်လံမြို့၊ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၄၅စင်တီမီတာ(တစ်ပေခွဲခန့်) လက်ရှိ ရေမှတ်များအောက် ကျဆင်းနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၅စင်တီမီတာ (ပေဝက်ခန့်)နှင့် မော်လိုက်မြို့၊ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၃၀စင်တီမီတာ (တစ်ပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်သည်။

အထက(၂) ကြည့်မြင်တိုင် အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (ဟုန်းလမ်း/ထီးတန်း)တွင် ၁၉၅၁ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက ၁၉၅၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ပညာသင်ကြားပို့ချခဲ့သော ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၅ရက် နံနက် ၁၁ နာရီတွင် အထက်ပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ဆရာကြီး၊ဆရာမကြီးများ ကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် အလှူငွေပစ္စည်းများကို ဦးဘနှင်း ဖုန်း–၂၂၅၃၄၂၊ ဦးစိန်ဟုတ် ဖုန်း–၅၁၃၉၇၂၊ ဦးခင်မောင်ချို ဖုန်း–၇၂၇၉၁၃၊ ဗိုလ်မှူး စိုးဝင်း(ငြိမ်း) ၂၂၅၈၇၄၊ ဦးထွန်းအေး ဖုန်း–၅၇၇၇၈၀၊ ဦးကိုကိုမောင် ဖုန်း–၂၁၁၆၃၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ပညာရေး)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်သည့် မုဒုံမြို့ မြို့မ(၃)ရပ်ကွက် အောင်သီရိလမ်း ကတ္တရာလမ်းခင်းကျင်းမှု လုပ်ငန်းကို နိုဝင်ဘာ ၄ ရက်က အမှုဆောင်အရာရှိ ဦးဖုန်းလွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးနိုင်တို့က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်၊စည်ပင်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၁–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ **မိုးကုတ်ဆရာတော်ကြီး တရားတော် –စိတ္တာနုပဿနာအလုပ်ပေး တရားတော်**
၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉း၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၂း၀၁ ၂။ အဖွင့်သီချင်း
၁၂း၀၆ ၃။ မျိုးချစ်တပ်မတော်
၁၂း၁၆ ၄။ **၂၀၀၅ ခုနှစ် တေရသမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်း ကိုယ်စားပြု မောင်မိုးမင်းနှင့်အဖွဲ့၏ ဝိဓူရဇာတ်တော်ကြီး (ပထမပိုင်း)**
၁၃း၄၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "ချစ်ရသူရဲ့စာ" (အပိုင်း–၁)**
၂း၄၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂း၄၈ ၈။ အပိတ်နှုတ်ဆက်စကား
၂း၄၉ ၉။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနှားဝင်
၄း၄၅ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Structure of Markets. (ပထမနှစ်–စီးပွားရေးပညာ)
၅း၃၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၄၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တစ်ခန်းရပ်ချစ်ပုံပြင်" (အပိုင်း–၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ **ကြယ်ပွင့်များနှင့်တွေ့ဆုံခြင်း (ကိုရီးယား) (အပိုင်း–၇)**
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **English Premier League ဘောလုံးပွဲ – CHARLTON ATHLETIC Vs MANCHESTER UNITED (LIVE)**
..........၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ထူးခြားသည့် ညအပူချိန်များ

(၁၈–၁၁–၂၀၀၅)

ဟားခါး ၂ ဒီဂရီစင်တီဂရိတ်
မင်းတပ် ၅ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၈–၁၁–၂၀၀၅)

ရေး
၀ ဒသမ ၃၉ လက်မ
ပဲခူး
၀ ဒသမ ၂၀ လက်မ
မော်လမြိုင်
၀ ဒသမ ၁၆ လက်မ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၁၁–၂၀၀၅ (စနေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ နှစ်ရှည်ပင်အသုံးချ သုတေသနဌာန
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ အနုပညာကြယ်ပွင့်များနှင့် တွေ့ဆုံခြင်း (ဂရေဟမ်နှင့်တွေ့ဆုံခြင်း)
၇း၅၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၀၀ လှပဆန်းသစ်သော မြန်မာ့မင်္ဂလာဝတ်စုံနှင့် ချည်ထည်ဒီဇိုင်းများ
၈း၁၅ မိုးလေဝသခန့်မှန်းချက်
၈း၂၀ သွားသွားလာလာကိုပါရာ (ရွှေနန်းတော်သို့ သွားရောက်လေ့လာခြင်း)
၈း၄၀ ပြည်တွင်းသတင်းအကျဉ်း
၈း၄၅ တေးဂီတအစီအစဉ်
၈း၅၀ မြန်မာစာ၊မြန်မာစကား
၉း၀၀ တေးဂီတအစီအစဉ်
၉း၀၅ Fashion Talk
၉း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀ တေးဂီတအစီအစဉ်
၉း၅၅ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန
၁၀း၂၀ တေးဂီတအစီအစဉ်
၁၀း၂၅ စက်ဘီးစက်ရုံ(ကျောက်ဆည်)
၁၀း၃၅ ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅ ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု
၁၀း၅၅ တေးဂီတအစီအစဉ်

၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၅း၀၀ **Premier League** သုံးသပ်ချက်(၁) (ကျော်ဘီလူးတင်မောင်ဆွေ၊ နေမျိုးသူရ၊ပြည့်ဖြိုးဟန်)
လိုင်း 5-Cartoons
Premier League သုံးသပ်ချက်(၂) (ချစ်ဝင်းမောင်၊နေမျိုးသူရ၊ ကော်နီ)
လိုင်း 5-Cartoons
၆း၃၀ ပွဲကြိုသုံးသပ်ချက်
လိုင်း 5-Cartoons(Live)
၇း၁၀ Wigan-Arsenal
လိုင်း 5-Cartoons(Live)
၉း၂၅ Charlton-Man United
လိုင်း 5Movie(Live)
Chelsea-Newcastle
လိုင်း 5Cartoon(Live)
Livepool-Portamouth
လိုင်း 5Sports(SDD)
၁၁း၃၀ Sunderland-Aston Villa
လိုင်း 5Cartoon(Live)
၁၁း၄၀ West Brom-Everton
လိုင်း 5Cartoon(Live)
၂း၀၀ Final Score

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ်

၂း၀၀ **Roma-Juventus**
လိုင်း MRTV-4(Live)

ကျိုက်ထိုဆရာတော်တရားပွဲများ

ရန်ကုန် နိုဝင်ဘာ ၁၈

ကျိုက်ထိုမြို့ မြို့မရမ်းချိုအောင်သစ္စာကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ၁၀ဘွဲ့ရ ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသသည် နိုဝင်ဘာ ၁၉ရက်၌ မုပ္ပလင်ကျေးရွာ၊ ဒီဇင်ဘာ ၁၂ရက်၌ ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာ၊ ဒီဇင်ဘာ ၁၄၊ ၁၅ရက်တို့၌ ရေးမြို့နယ်၊ စံပြအစင်ကျေးရွာ၊ ဒီဇင်ဘာ ၁၆၊ ၁၇ ရက်တို့၌ ရေးမြို့နယ်၊ ဇီးဖြူသောင်ကျေးရွာနှင့် ရေးမြို့၊ ဒီဇင်ဘာ၂၅၊၂၆ ရက်တို့၌ မော်လမြိုင် အောက်ကျင်းစု၊ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁၊၂ရက်တို့၌ ပဲခူးမြို့၊ သနပ္ပင်လမ်း၊ ဇန်နဝါရီ ၁၁မှ ၁၇ရက်ထိ နတ်တလင်းမြို့၊ ကစ္ဆနာဘုံကျောင်းတိုက်၊ ဇန်နဝါရီ၂၇၊၂၈ရက်တို့၌ အထက်မင်းလှမြို့၊ ကံတုတ်ကျေးရွာ၊ ဇန်နဝါရီ၂၉၊၃၀ရက်တို့၌ မကွေးတိုင်း၊ ငဖဲမြို့နယ်၊ မြစ်ဖျားကျေးရွာတို့တွင် တရားတော်များဟောကြားတော်မူမည်ဖြစ်သည်။ (က–ပ)

ဓမ္မဒူတစေတီ(တောင်စွန်း) ထီးတော်တင်လှူပွဲ

ရန်ကုန် နိုဝင်ဘာ ၁၈

မွန်ပြည်နယ် ဘီးလင်းမြို့နယ် တောင်စွန်းဓမ္မဒူတတောရ ဓမ္မဒူတစေတီတော် ထီးတော်တင်လှူပွဲနှင့် ဓမ္မဒူတဆရာတော်ကြီးအား (၈)နှစ်ပြည့် ရည်မှန်းပူဇော်ပွဲတို့ကို ကျင်းပမည်ဖြစ်ရာ ထီးတော်တင်လှူပွဲကို နိုဝင်ဘာ ၂၅ရက်၌ ကျင်းပမည်ဖြစ်သည်။

ညတရားပွဲများအဖြစ် နိုဝင်ဘာ ၂၃ရက်တွင် မုတ္တမဆရာတော် ဓမ္မဒူတ ဘဒ္ဒန္တသီလာစာရ၊ ၂၄ရက်တွင် ခင်ဦးဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ ၂၅ရက်တွင် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရတို့က တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

အောင်ဆန်းမိုးကုတ်ဆရာတော် ပြည်ပခရီးကြွရောက်

ရန်ကုန် နိုဝင်ဘာ ၁၈

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ(၇၇) ပဓာန နာယက ပြည်တွင်းပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရသည် ကပ္ပိယကာရက ဦးစိုးအောင် လိုက်ပါလျက် ဩစတြေးလျနိုင်ငံသို့ မိုးကုတ်ဝိပဿနာ တရားတော်များ ဟောကြားရန် နိုဝင်ဘာ ၁၆ရက် နံနက်က လေကြောင်းခရီးဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြွရောက်ရာ တပည့်ဒါယကာ ဒါယိကာမများက ပို့ဆောင်ဖူးမြော်ကြသည်။ (က–ပ)

နိုင်ငံတော်ဩဝါဒါစရိယ (အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ရွှေဖလား ကန်မြောက်ရွာ ခမည်းတော် ဦးပျော့၊ မယ်တော် ဒေါ်မယ်အုံတို့မှ ၁၂၇၅ခုနှစ် ဦးတန်ခူးလဆန်း ၁၁ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၄နာရီကျော်အချိန်တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်သည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၆ခုနှစ်တွင် ရွှေဖလားကန်မြောက်ရွာ ရေလည်ကျောင်း ဆရာတော် ဘဒ္ဒန္တ တေဇနိယကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ ၁၂၉၄ခုနှစ် ပြာသိုလဆန်း ၁၁ရက် နံနက် ၉နာရီအချိန်တွင် မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ပျော်ဘွယ်ရွာ သိမ်တောဝံကျောင်းတိုက် တောင်သာတောင် ခဏ္ဍာသိမ်၌ သိမ်တောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဇဝနကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော် ဦးကုလားလမ်း ဘီပီအိုင် ရေနံရုံးစာရေးကြီး ဂျီတက်ဝိန်နှင့် ဒေါ်သိန်းရင် တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော် လောင်းလျာသည် ရွှေဖလားကန်မြောက်ရွာ ရေလည်ကျောင်း ဆရာတော် ဘဒ္ဒန္တ တေဇနိယ မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် မြင်းဝန်ကျောင်း၌ ဦးဣန္ဒြိယနှင့်အတူနေ၍ ခင်မကန်သူဌေးကျောင်း ဆရာတော် ဦးရေဝတ၊ မိုးတားကျောင်း ဆရာတော် ဦးသုတ၊ ချမ်းသာကြီးတိုက် ဆရာတော် ဦးလက္ခဏတို့ထံ၌ ပရိယတ္တိကျမ်းစာများကို သင်ယူဆည်းပူးတော်မူ၍ လည်းကောင်း၊ တောင်ပြင်ဘုရားကြီးတိုက် ဆရာတော် ဦးကြယ်(အဂ္ဂမဟာပဏ္ဍိတ) ဆရာတော် ဦးနာရဒ(အဂ္ဂမဟာပဏ္ဍိတ) အသောကာရာမတိုက် ဆရာတော် ဘဒ္ဒန္တ တေဇနိယတို့ထံ၌ ပိဋကန် ကျမ်းစာများကို သင်ယူဆည်းပူးတော်မူ၍ လည်းကောင်း၊ သာသနဓဇသီရိပဝရ ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။

စာပေပို့ချခြင်းနှင့် သာသနာရေးဆောင်ရွက်ခြင်း

ဆရာတော်သည် ရဟန်းသိက္ခာ (၈)ဝါမှစ၍ ဣန္ဒြိယာရာမ ရွှေဂူကျောင်းတိုက်၌ တပည့် ရဟန်းသာမဏေတို့အား ပရိယတ္တိ စာပေကျမ်းစာများနှင့် ပါဠိအဋ္ဌကထာ ဋီကာကျမ်းများကို သင်ကြားပို့ချတော်မူ၍ လည်းကောင်း၊ မဟာလောကမာရဇိန် ကုသိုလ်တော် စေတီတော်ဂေါပကအဖွဲ့၊ ကျောက်တော်ကြီးဘုရားဂေါပကအဖွဲ့၊ မဟာမုနိ ရုပ်ရှင်တော်မြတ်ဘုရားကြီး ဂေါပကအဖွဲ့တို့၏ ဩဝါဒါစရိယ၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဝင်၊ သံဃသမ္မုတိရ သံဃာ့ ကိုယ်စားလှယ်၊ နိုင်ငံတော်ဩဝါဒါစရိယ အဖြစ်တို့ဖြင့် သာသနာရေးတာဝန်များကို စွမ်းစွမ်းတမံ အားပေးဆောင်ရွက်တော်မူခဲ့သည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဇာဂရိယ စသောဂုဏ်များနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားလျက် နိုင်ငံတော်အစိုးရက ၁၃၅၆(၁၉၉၅)ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့သည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါအရ ၁၃၆၇ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ၂ရက်၊ ၁၇–၁၁–၂၀၀၅(ကြာသပတေးနေ့) နံနက် ၃နာရီ ၃၀နာရီတွင် သီတင်းသုံးတော်မူရာ အောင်မြေသာစံမြို့နယ်၊ ဣန္ဒြိယာရာမ ရွှေဂူကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူပြီး၊ ၁၃၆၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ရက် ၂၃–၁၁–၂၀၀၅ရက် (ဗုဒ္ဓဟူးနေ့)တွင် အန္တိမအဂ္ဂိ ဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် ကိုယ့်အားကိုယ်ကိုး ငွေကျပ် ၁၄၄သိန်းတန် ပေ ၁၉၀၀ ရှည် ကျမ်းစာသင်ကျောင်းလမ်း ကတ္တရာလမ်း ဖွင့်ပွဲကို နိုဝင်ဘာ ၁၅ရက်ကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုလွင် ဖဲကြိုးဖြတ် ဖွင့်လှစ်စဉ်။ (၆၁)

မင်္ဂလာစာကြည့်တိုက် ဖွင့်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် ဘုရားကြီးကျေးရွာ တွံတေးမြို့နယ် ဘုရားကြီး မင်္ဂလာတိုက်ကျောင်းနှင့် မိဘမဲ့လူငယ် ဖွံ့ဖြိုးရေး မင်္ဂလာပရဟိတသင်တန်းကျောင်း ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တစန္ဒိမာ (မဟာစည်ဓမ္မကထိက)၏ သက်တော် (၅၉)နှစ် သိက္ခာတော်(၃၉)ဝါ ဝိဇာတမွေးနေ့ မင်္ဂလာပူဇော်ပွဲ၊ မင်္ဂလာစာကြည့်တိုက် ဖွင့်ပွဲနှင့် မင်္ဂလာပရဟိတခန်းမ ဆောင်ဖွင့်ပွဲများကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

ကြေးမုံ The Mirror — ပြည်သူ့ထံမှပေးစာ

ယာဉ်စည်းကမ်း လမ်းစည်းကမ်း တိကျစွာလိုက်နာစေလို

စာတည်းရှင့်–

ကျွန်မတို့ မကွေးတိုင်းမြို့တော် မကွေးမြို့၏ မြို့မဈေးကြီးမြောက်ဘက်တန်းနှင့် အရှေ့ဘက်တန်း လူသွားစင်္ကြံများတွင် အဖြူအနီကျားထားသည်မှာ လေးငါးနှစ်ခန့် ရှိပြီဖြစ်ပါသည်။ ထို့ပြင် ဈေးမြောက်ဘက်တန်း၏လမ်းတွင် အနောက်မှအရှေ့သို့ မဝင်ရတားမြစ်ချက်နှင့် တစ်လမ်းမောင်းလမ်းညွှန်များ စိုက်ထူထားပါသည်။

ယခုအခါ မဝင်ရနေရာနှင့်တစ်လမ်းမောင်းတွင် ယာဉ်များဝင်ထွက်ခြင်း၊ ယာဉ်နှစ်ထပ် ဆင့်ရပ်ခြင်းတို့ကြောင့် မကြာခဏ လမ်းပိတ်ဆို့မှု ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ပါ၍ အများပြည်သူ လွယ်ကူစွာသွားလာနိုင်ရေးအတွက် သက်ဆိုင်ရာမှ စည်းကမ်းတကျ စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အမြင်မတော်သူတစ်ဦး

နောက်ဖေးလမ်းကြား အမှိုက်ပစ်ချမှု တားဆီးပေးပါ

စာတည်းရှင့်–

ကျွန်မတို့နေထိုင်သော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၃လမ်း (အထက်) သပြေကုန်းရပ်ကွက်နှင့် ၁၂၄လမ်းအကြားရှိ နောက်ဖေးလမ်းကြားသို့ အပေါ်ထပ်တိုက်ခန်းနေသူများက နေ့ရောညပါ အမှိုက်ထုပ်များပစ်ချခြင်း၊ သုံးရေများကို ပြတင်းပေါက်မှ သွန်ချခြင်းတို့ကြောင့် အောက်ထပ်နေသူများ ထမင်းဟင်းချက်ပြုတ်ရာသို့ ပြတင်းပေါက်မှတစ်ဆင့် အညစ်အကြေးများ ဝင်ရောက်လျက်ရှိပါသည်။ ကြွက်များတသောသောနှင့် ညစ်ပတ်သောအနံ့ဆိုးများကြောင့် ကျန်းမာရေးကိုထိခိုက်စေပါသည်။ သို့ပါ၍သက်ဆိုင်ရာမှ လိုအပ်သလို ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

သန့်ရှင်းစေချင်သူ

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

နှစ်လုံး၊သုံးလုံးဒိုင်များ တားဆီးပေးစေလို

စာတည်းခင်ဗျား–

ကျွန်တော်တို့နေထိုင်ရာ အင်းစိန်မြို့ ကမ်းနား အလယ်ပိုင်းရပ်ကွက်တွင် နှစ်လုံး၊ သုံးလုံး လောင်းကစားဒိုင်ကြီး သုံးဒိုင်ရှိ၍ အရောင်းကိုယ်စားလှယ် အများအပြားရှိပါသည်။

ယခုအခါအရောင်းကိုယ်စားလှယ်များ အပြိုင်အဆိုင် ရောင်းချမှုကြောင့် ရပ်ကွက်သူ၊ ရပ်ကွက်သားများ လောင်းကစားနှံ့တွင် ကျွံဝင်နေပါ၍ တစ်နေ့တခြား စားဝတ်နေရေး ခက်ခဲလာကြပါသည်။

ထို့အပြင် ရာဇဝတ်မှုများလည်း တိုးပွားလာနိုင်ပါသည်။ သက်ဆိုင်ရာမှ မကြာခဏ လာရောက်ဖမ်းဆီးသော်လည်း သေးငယ်သော လက်ခွဲဒိုင်ကလေးများသာ အဖမ်းခံရပြီး ဒိုင်ကြီးများ လွတ်နေပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ ကြပ်မတ် တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

အလယ်ပိုင်းသား

ဝက်ခြံမှအနံ့ဆိုး ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား–

ကျွန်တော်တို့နေထိုင်ရာ သာကေတမြို့နယ် (၇)အရှေ့ရပ်ကွက် မေတ္တာရှင်လမ်း(မြောက်ပိုင်း)ရှိ နေအိမ်အချို့တွင် စီးပွားဖြစ် ဝက်ကောင်ရေများစွာ မွေးမြူထားကြရာ ဝက်ခြံများမှ အနံ့ဆိုးများနှင့် ဝက်အော်သံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်ကြသော နာမကျန်းသူများ၊ သက်ကြီးရွယ်အိုများမှာ နေ့စဉ်စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ သို့ပါ၍ ၎င်းမွေးမြူသူများအား စနစ်တကျ မွေးမြူနိုင်ရေး သက်ဆိုင်ရာမှ စီစဉ်ပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

အနံ့ပေါင်းစုံအမှိုက်ပုံ ရှင်းလင်းပေးစေချင်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက် (ခြင်ငါးခြံ) အဝင်လမ်းတစ်လျှောက်တွင် အမှိုက်ပုံကြီးရှိပါသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်က သက်ဆိုင်ရာမှ ပိတ်သိမ်းပေးခဲ့ပြီးဖြစ်သော်လည်း ယနေ့တိုင် စည်းကမ်းမဲ့စွာ စွန့်ပစ်နေကြသော အမှိုက်များ မြင်မကောင်းအောင် စုပုံနေပါသည်။ ၎င်းအမှိုက်ပုံမှ အနံ့ဆိုးများကို အနီးပတ်ဝန်းကျင်ရှိနေအိမ်များမှ သက်ကြီးရွယ်အိုများ၊ လမ်းသွားလမ်းလာများ နေ့စဉ်နှင့်အမျှ ခံစားနေရသောကြောင့် ၎င်းအမှိုက်ပုံကြီးအား သက်ဆိုင်ရာမှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူ

မလိုအပ်ဘဲ အပေါ် မီးကြီးဖွင့်မောင်းမှုကြောင့် ယာဉ်တိုက်ခိုက်မှုအန္တရာယ် ဖြစ်ပွားနိုင်

စာတည်းရှင့်–

ယာဉ်တိုက်မှုများလျော့နည်းရန် သက်ဆိုင်ရာက ကြိုးပမ်းဆောင်ရွက်မှုများမှာ အလွန်ပင်ကောင်းမွန်ပါသည်။ သတိပေးလိုသော အချက်တစ်ခုမှာ ယာဉ်အများအပြားသည် ညအခါ မလိုအပ်ဘဲ အပေါ်"မီးကြီး"များဖွင့်၍ မောင်းနေကြပါသဖြင့် တစ်ဖက်မှလာသော ယာဉ်မောင်းသူများမှာ အဆိုပါမီးရောင်ကြောင့် မျက်စိများပြာဝေပြီး မည်သည့်မြင်ကွင်းကိုမျှ သဲသဲကွဲကွဲ မမြင်ရတော့ပါ။ ယာဉ်တိုက်ခိုက်မှုအန္တရာယ်ကြုံတွေ့နိုင်ပါ၍ အပေါ်မီးကြီးများဖွင့်မောင်းသည့် ယာဉ်များကို လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ယာဉ်မောင်းသူတစ်ဦး**

ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက် ၅လမ်းရှိ အိမ်တစ်အိမ်တွင် ခွေးလေခွေးလွင့်များ မွေးမြူထားပါသည်။ ၎င်းခွေးများသည် လမ်းသွားလမ်းလာများနှင့် ကျောင်းသွားကျောင်းပြန် ကလေးများအား လိုက်ကိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

၅ လမ်းသား

အိမ်သုံးမီတာဖြင့် လုပ်ငန်းလုပ်ကိုင်မှု တားဆီးပေးသင့်

စာတည်းရှင့်–

ဒဂုံမြို့သစ်မြောက်ပိုင်း၊ စိမ်းလဲ့သာယာလမ်း၊ (၃၂)ရပ်ကွက်ရှိ အိမ်တစ်အိမ်သည် နေ့စဉ် သံပန်း၊ သံတံခါး လုပ်ငန်းကို အိမ်သုံးမီးဖြင့် ချိတ်ဆက်လုပ်ကိုင်လျက်ရှိပါသည်။ ထိုသို့ မီးအားသုံးစွဲမှုကြောင့် လမ်းအတွင်းရှိ အခြားအိမ်များတွင် လျှပ်စစ်မီးအား တည်ငြိမ်မှုမရှိဘဲ တက်လိုက်၊ ကျလိုက် ဖြစ်နေသောကြောင့် အိမ်သုံးလျှပ်စစ်ပစ္စည်းများ ထိခိုက်ပျက်စီးနစ်နာခဲ့ရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ စည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူတစ်ဦး**

လူသွားစင်္ကြံ ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ဗိုလ်တထောင်မြို့နယ်၊ (၆)ရပ်ကွက်၊ သိမ်ဖြူလမ်း(ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား)ရှိ လူသွားလမ်းစင်္ကြံများ ပျက်စီးနေသည်မှာ ကြာပြီဖြစ်ပါ၍ သက်ကြီးရွယ်အိုများ ကျောင်းသား၊ လူငယ်များ မကြာခဏလဲကျ၍ အနာတရဖြစ်ကြပါသည်။ ထို့ကြောင့် သက်ဆိုင်ရာမှ လူသွားလမ်းစင်္ကြံကို ပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူ၊လမ်းသားများ

နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်း ပူးပေါင်းပြီး စက်မှုနိုင်ငံဖြစ်အောင် ထူထောင်

စက်မှုကဏ္ဍ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးလာအောင်လုပ်ကိုင်ရာ၌ ပုဂ္ဂလိကစက်မှုလုပ်ငန်းများသည် အခရာဖြစ်

ဒေသအလိုက်၊ အမျိုးအစားအလိုက် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ တိုးတက်သည်ထက် တိုးတက်အောင် တွန်းအားပေး

ရေနံအစားထိုး လောင်စာပူးတွဲသုံးစွဲရေး၊ ရေနံဩိုးခြံချော်တာရေး ယခုကတည်းက အလေးထားအခြေချသင့်

ရန်ကုန် နိုဝင်ဘာ ၁၈

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၅)ကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များဖြစ်ကြသည့် အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးများနှင့် ဒုတိယမြို့တော်ဝန်၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီများနှင့် စီမံခန့်ခွဲရေးကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ တာဝန်ရှိသူအားလုံးသည် ဦးဆောင်မှုကောင်း၊ ပူးပေါင်းဆောင်ရွက်မှုကောင်းကောင်းဖြင့် လုပ်ကိုင်နိုင်ခဲ့သဖြင့် စက်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းမှာ သိသိသာသာမြင့်မားခဲ့ကြောင်း၊ ပထမလေးနှစ်စီမံကိန်းနှင့် ဒုတိယငါးနှစ်စီမံကိန်းကာလတို့၌လည်း တိုးတက်မှုအရှိန်ကောင်းခဲ့သည့်နည်းတူ ယခုတတိယငါးနှစ် စီမံကိန်းကာလ၌လည်း ပထမလေးနှစ်အတွင်း တစ်နှစ်ပျမ်းမျှ ၂၄ဒသမ၄ရာခိုင်နှုန်းသို့ တိုးတက်ခဲ့ပြီး ယခုနှစ် ၂၀၀၅-၂၀၀၆ခုနှစ်၌လည်း အရှိန်အဟုန်ကောင်းကောင်းဖြင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

အမှာစကား ပြောကြား

စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း **စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၄/၂၀၀၅) သို့** တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

စက်မှုကဏ္ဍတက်လာရန် နိုင်ငံပိုင်စက်ရုံအသစ်များ ထူထောင်နေသကဲ့သို့ နိုင်ငံပိုင်စက်ရုံအဟောင်း၊ အသစ်အားလုံး စက်စွမ်းအားပြည့် လည်ပတ်နိုင်အောင် ဆက်လက်ကြိုးစား။

ထို့အတူ ပုဂ္ဂလိက စက်မှုလုပ်ငန်းများ အရေအတွက်အရရော၊ အရည်အချင်းအရပါ တိုးတက်လာအောင်၊ အဆင့်မြင့်နည်းပညာများ သုံးစွဲမှုကျယ်ပြန့်လာအောင် အားပေးပျိုးထောင်။

သတိပြုရန်

CNG သုံးမော်တော်ယာဉ်များတွင် သက်ဆိုင်ရာမှ တရားဝင် တပ်ဆင်ပေးထားသည့် CNG သဘာဝဓာတ်ငွေ့ ဆလင်ဒါအိုးများမှလွဲ၍ အခြားမည်သည့် ဆလင်ဒါအိုးကိုမျှ လွှဲပြောင်း/အပိုတပ်ဆင် အသုံးမပြုရ၊ ထိုကဲ့သို့ အသုံးပြုလျှင် ပေါက်ကွဲတတ်ရာ အန္တရာယ်အလွန်ကြီးမားသည်။

စွမ်းအင်ဝန်ကြီးဌာန